မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာ ၃ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၆)၊ အမှတ် (၃)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော်   အောက်တိုဘာ   ၃

၂၀၀၆ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ကျရောက်သည့် ကိုရီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ နိုမူဟွန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဂျာမနီသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော်   အောက်တိုဘာ   ၃

၂၀၀၆ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ၏ ဂျာမန်ပေါင်းစည်းရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ သမ္မတ မစ္စတာ ဟော့စ်ခိုလာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေ အမှတ် ၈/၂၀၀၆)
၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်
(၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) **ရေအရင်းအမြစ်** ဆိုသည်မှာ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း မြေပေါ်မြေအောက်ရှိ ရေသယံဇာတအားလုံးကို ဆိုသည်။ ယင်းစကားရပ်တွင် မြစ်နှင့် ချောင်းများအတွင်းသို့ စီးဝင်ရာ ရေအရင်းအမြစ်များလည်းပါဝင်သည်။ သို့ရာတွင် ကုန်းတွင်းပိုင်းရေများမပါဝင်။

(ခ) **မြစ်** ဆိုသည်မှာ ကုန်သွယ်ရေးအရသော်လည်းကောင်း၊ ဆက်သွယ်ရေးအရသော်လည်းကောင်း ရေကြောင်းသွားလာမှုပြုနိုင်သည့်မြစ်ကို ဆိုသည်။ ယင်းစကားရပ်တွင် မြန်မာနိုင်ငံနယ်နိမိတ်အတွင်းရှိ နယ်စပ်မြစ်များလည်း ပါဝင်သည်။

(ဂ) **ချောင်း** ဆိုသည်မှာ ကုန်သွယ်ရေးနှင့် ဆက်သွယ်ရေးတို့အတွက် အသုံးပြုနိုင်သည့် မြစ်အငယ်စားကို ဆိုသည်။

(ဃ) **ရေလမ်း** ဆိုသည်မှာ ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်သည့် ရေကြောင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ရေလမ်းညွှန်အမှတ်အသား အထောက်အကူဖြင့်သာ ခုတ်မောင်းသွားလာနိုင်သည့် ရေကြောင်းများလည်းပါဝင်သည်။

(င) **ရေယာဉ်** ဆိုသည်မှာ စက်တပ်ရေယာဉ်၊ စက်မဲ့ရေယာဉ်၊ ရေကြောင်းဖြင့် လူနှင့် ကုန်ပစ္စည်းများ တင်ဆောင်၍ တစ်နေရာမှ တစ်နေရာသို့ သွားလာနိုင်သည့် အခြားယာဉ် တစ်မျိုးမျိုးကိုဆိုသည်။ ယင်းစကားရပ်တွင် သစ်ဖောင်နှင့် ဝါးဖောင်များလည်း ပါဝင်သည်။

(စ) **မြစ်ချောင်းနယ်** ဆိုသည်မှာ မြစ်ချောင်းများ၏ ဝဲယာကမ်းပါး နှစ်ခုအတွင်းရှိ ရေပြင်နယ်ကိုဆိုသည်။ ယင်းစကားရပ်တွင် မြစ်ချောင်းအတွင်းရှိ ရေမြုပ်သောင်၊ ရေပေါ်သောင်နှင့် ကျွန်းများလည်းပါဝင်သည်။ သို့ရာတွင် ကုန်းနှင့် တစ်ဆက်တည်းတည်ရှိသော ကျွန်းများမပါဝင်။

စာမျက်နှာ ၃ ကော်လံ ၁ ■

တိုင်းပြည်ပျက်လိုက ပျက်ပါစေ၊ မိမိတို့အာဏာရရှိရေး ပိုအရေးကြီးတယ်ဆိုသည့် နိုင်ငံရေးဝိသမစိတ် လွှမ်းမိုးနေသည့် အဖျက်သမားများက ပြည်သူများဒုက္ခရောက်အောင် ဖန်တီးနေ

ရန်ကုန်   အောက်တိုဘာ   ၂

ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

စာမျက်နှာ ၈ ကော်လံ ၁ ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်)

စွမ်းရည်ပြည့်ဝသည့် ရဲတပ်ဖွဲ့ဖြစ်ရေး စွမ်းစွမ်းတမံကြိုးပမ်း

နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် အရေးအရာအားလုံး၏ အဓိကမဏ္ဍိုင်သည် အုပ်ချုပ်ရေးမဏ္ဍိုင်ဖြစ်သည်။ ယခုအခါ နိုင်ငံတော်သည် ခေတ်သစ်တစ်ခုကို ညင်သာစွာ ကူးပြောင်းရန်အတွက် ဘက်စုံကဏ္ဍစုံမှ ပြင်းပြင်းထန်ထန် အရှိန်ယူနေသည့်ကာလ ဖြစ်သည်။ အုပ်ချုပ်ရေးအပိုင်းတွင် တာဝန်ထမ်းဆောင်နေကြရသူများအနေဖြင့် အချိန်နှင့်အမျှ တက်တက်ကြွကြွ လိုလိုလားလား အလုပ်ကို အားထုတ်လုပ်ကိုင်နေကြရမည် ဖြစ်သည်။

တိုင်းပြည်၏ အုပ်ချုပ်ရေးစနစ်တွင် အကျုံးဝင်သည့် နယ်ပယ်သည် ကျယ်ပြန့်သကဲ့သို့ ဝန်ထမ်းအမျိုးအစား အရေအတွက်သည်လည်း ကြီးမားများပြားသည်။ ရဲတပ်ဖွဲ့သည် အုပ်ချုပ်ရေး ယန္တရား၏ အင်္ဂါစဉ်တစ်ခုအဖြစ် ရပ်တည်ပါဝင်လျက်ရှိသည်။ တရား ဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိန်းသိမ်းကာကွယ်နေသကဲ့သို့ ပြည်သူလူထုကို ဥပဒေနှင့်အညီ စောင့်ရှောက်ကူညီလျက်ရှိသည်။

ရဲတပ်ဖွဲ့မှူးများသည် ဒေသအဆင့်အလိုက် ဖွဲ့စည်းထားသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် လက်တွေ့ကျကျ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ရဲလုပ်ငန်းတာဝန်များကိုသာမက ဒေသဆိုင်ရာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၏ လုပ်ငန်းတာဝန်များကိုပါ ကျေကျေပွန်ပွန် ပူးတွဲထမ်းဆောင်နေကြသည်။

နိုင်ငံတော်က ရဲတပ်ဖွဲ့ကို စည်းကမ်းစနစ်ကျသည့် အဖွဲ့အစည်းဖြစ်ရေး၊ ပြည်သူလေးစားအားကိုးသော အဖွဲ့အစည်းဖြစ်ရေး၊ နိုင်ငံတော် ကာကွယ်ရေးအတွက် ခိုင်မာသည့် အရန်အင်အားစုဖြစ်ရေးတို့အတွက် ရဲတပ်ဖွဲ့၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို အခြေခံကျကျ ဆောင်ရွက်ပေးခဲ့သည်။ ထို့ကြောင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်း၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်း၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ၌ တိုးတက်အောင်မြင်မှုများ ရရှိခဲ့သည်။

နိုင်ငံတော်အပိုင်းက မြင့်မားစွာ မျှော်မှန်းထားသည့်အတိုင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို မျိုးချစ်စိတ်ဓာတ်ရှိသည့်တပ်ဖွဲ့၊ စွမ်းရည်ပြည့်ဝသည့်တပ်ဖွဲ့၊ ခေတ်မီသည့်တပ်ဖွဲ့ဖြစ်ရေး ရဲတပ်ဖွဲ့ဝင်တိုင်းက စွမ်းစွမ်းတမံကြိုးပမ်း အားထုတ်သွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မဟာစည် ပဝါရဏာပြုပွဲ

ရန်ကုန် အောက်တိုဘာ ၂

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အမှတ် ၆ အင်းစိန်လမ်းမကြီး အရှေ့ကြို့ကုန်းရပ်ကွက် မဟာစည်သြဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာ၌ ကြို့ကုန်းရပ်ကွက်လုံးဆိုင်ရာ သံဃာတော်အပါး ၃၀၀ကျော်တို့သည် (၁၃၆၈ ခုနှစ် သီတင်းကျွတ်လပြည့်) ညနေ ၄ နာရီတွင် စုပေါင်း သံဃပဝါရဏာပြုတော်မူကြမည်ဖြစ်ရာ စေတနာရှင်များ လာရောက်လှူဒါန်း ကြည်ညိုနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကမာရွတ်မြို့နယ် အုန်းတောပရိယတ္တိစာသင်တိုက် ပြန်လည်တည်ဆောက်ရေး အလှူငွေပေးအပ်

ရန်ကုန် အောက်တိုဘာ ၂

ရန်ကုန် အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် အမှတ်(၅)ရပ်ကွက် အုန်းတောပရိယတ္တိစာသင်တိုက် မီးဘေးသင့်ခံရသည့်အတွက် ပြန်လည်တည်ဆောက်ရေး ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ ၃၀ ရက်မွန်းလွဲ ၂ နာရီ က မြတ်လေးရုံ ပညာ့ဗိမာန်ကျောင်းဆောင်တွင် ကျင်းပသည်။

ဆက်ကပ်

အခမ်းအနားတွင် နိုင်ငံတော်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အောင်မြေဘုံစံကျောင်း ဆရာတော် ဘဒ္ဒန္တပညိန္ဒာ ဘိဝံသထံမှ ငါးပါးသီလ ခံယူကြပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အလှူရှင်များက အလှူငွေများလှူဒါန်းကြရာ ကိုးနဝင်းကပ်ကျော် စေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် အကျိုးတော်ဆောင်အဖွဲ့ဝင်များက လက်ခံရယူကြသည်။ **(အပေါ်ပုံ)**

လှူဒါန်းနိုင်

အဆိုပါ အုန်းတောပရိယတ္တိစာသင်တိုက်ကို သုံးထပ်ကျောင်းဆောင်သစ် ပြန်လည်ဆောက်လုပ်မည်ဖြစ်ရာ စုစုပေါင်းကုန်ကျငွေ သိန်းတစ်ထောင်ကျော်ကုန်ကျမည်ဖြစ်ပြီး ယနေ့အလှူရှင်များ၏ လှူဒါန်းငွေမှာ ငွေကျပ်သိန်း ၁၃၀ ကျော်ဖြစ်သည်။ အလှူရှင်များအနေဖြင့် အုန်းတောပရိယတ္တိစာသင်တိုက် အမှတ်(၅)ရပ်ကွက် ဟံသာရိပ်မွန်အိမ်ရာ (ဆင်မလိုက် သဘော်ကျင်းအနီး) ကမာရွတ်မြို့နယ် ဖုန်း-၅၁၃၂၃၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံတော်က နာတာရှည်လူနာများ ဆေးကုသမှုကို ပံ့ပိုးဖြည့်ဆည်းပေးနေ လူနာနှင့်လူနာမိသားစုများအပေါ် ကိုယ်ချင်းစာနာစိတ်ဖြင့်ကူညီ နိုင်ငံတော်၏ ကျေးဇူးဆပ်သည့်အနေဖြင့် ပြည်သူကိုအလုပ်အကျွေးပြု

ရန်ကုန် အောက်တိုဘာ ၂

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်၊ ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်နှင့် UNAIDS မှ ဌာနေညှိနှိုင်းရေးမှူး Mr. Brain Willian တို့ လိုက်ပါလျက် ယမန်နေ့နံနက် ၁၀နာရီက မြောက်ဥက္ကလာပမြို့နယ် အထူးကုဆေးရုံကြီး(ဝေဘာဂီ)သို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

လိုအပ်ချက်များဖြည့်ဆည်း

ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် အဖွဲ့သည် အထူးကုဆေးရုံကြီး ပြင်ပလူနာ ဌာနရှိ တီဘီ ဆေးပေးခန်းနှင့် ART (Anti Retro Viral Therapy) ဗိုင်းရပ်စ်ပိုးပွားများမှုကို ဟန့်တားသော ဆေးပေးခန်း၊ ဓာတ်မှန်စက်အသုံးပြုမှု **(အပေါ်ပုံ)**၊ အရေးပေါ် လူနာကုသဌာန၊ လူနာစမ်းသပ်ခန်း၊ အဏုဇီဝဗေဒနှင့်သွေးဗေဒဓာတ်ခွဲခန်း၊အမျိုးသားလူနာကုသဆောင်၊ အမျိုး သမီးကုသဆောင်၊ ကလေးကုသဆောင်များကို လှည့်လည်ကြည့်ရှု စစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နီလာနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြပြီး ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဆေးရုံအစည်းအဝေးခန်းမ၌ ဝန်ကြီးဒေါက်တာကျော်မြင့်သည် ဆေးရုံအုပ်ကြီးနှင့် ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၊လက်ထောက်ဆရာဝန်များ၊ သူနာပြုများနှင့် တွေ့ဆုံရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နီလာက ဆေးရုံတွင် တက်ရောက်ကုသနေသော လူနာများအား နိုင်ငံတော်၏အထောက်အပံ့ဖြင့် ကုသပေးမှု အခြေအနေများကို လည်းကောင်း၊ ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာ ဒေါ်မြင့်မြင့်လွင်က နိုင်ငံတော်၏ ပံ့ပိုးမှုဖြင့် ART (Anti Retro Viral Therapy) ဗိုင်းရပ်စ်ပိုးပွားများမှုကို ဟန့်တားသော ဆေးတိုက်ကျွေးကုသပေးမှု အခြေအနေကို လည်းကောင်း၊ညွှန်ကြားရေးမှူးချုပ်ဒေါက်တာ တင်ဝင်းမောင်က နိုင်ငံတော်မှ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်အကောင်အထည်ဖော်မှု အခြေအနေကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

မှာကြား

ထို့နောက် ဝန်ကြီးက အထူးကုဆေးရုံကြီးအတွက် ခေတ်မီစက်ပစ္စည်းကိရိယာများ၊ ကျွမ်းကျင်သူ ပညာရှင်များနှင့် လိုအပ်ချက်များကို နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နာတာရှည် လူနာများအား ဆေးကုသမှုကို နိုင်ငံတော်က ကူညီပံ့ပိုးဖြည့်ဆည်း စီစဉ်ဆောင်ရွက် ပေးနေကြောင်း၊ ဆေးရုံဝန်ထမ်းများအနေဖြင့် လူနာနှင့် လူနာ၏ မိသားစုများ အပေါ် ကိုယ်ချင်းစာနာစိတ်ဖြင့် ကူညီပြုစုကုသပေးရန် လိုအပ်ကြောင်း၊ နိုင်ငံတော်မှ ပံ့ပိုးပေးထားသည့်အလျောက် ကျွမ်းကျင်သူ ပညာရှင်များသည် နိုင်ငံတော်၏ ကျေးဇူးဆပ်သည့်အနေဖြင့် ပြည်သူအား အလုပ်အကျွေး ပြုမှုသာ တာဝန်ကျေပွန်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများသည် ဝါသနာ၊ ကိုယ်ချင်းစာနာမှု၊စေတနာ၊အနစ်နာခံ၍ ကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်ကြရန် လိုကြောင်း၊ နိုင်ငံတော်မှ လူနာများအတွက် ကုသမှုကို အကုန်အကျခံ ဆောင်ရွက်ပေးသည့်အလျောက် ဆေးရုံကြီးမှ တာဝန်ရှိသူများအနေဖြင့် ဆေးရုံ၏ လိုအပ်ချက်များကို ဦးစီးဌာနသို့ ညှိနှိုင်းတောင်းခံ ဆောင်ရွက်ကြရန် လိုအပ်ကြောင်းမှာကြားသည်။

(သတင်းစဉ်)

အဘိဓမ္မာနေ့ သောက်ရေသန့်ဘူးများ ဒါနပြုမည်

ရန်ကုန် အောက်တိုဘာ ၂

၁၃၆၈ခုနှစ် သီတင်းကျွတ်လပြည့် အဘိဓမ္မာနေ့ အောက်တိုဘာ ၆ရက် (သောကြာနေ့)တွင် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ၊ သောကြာထောင့်၊ မြောက်ဘက်မုခ် စောင်းတန်းအနီး ဝေနေယျသုခဓမ္မာရုံနှင့် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ စောင်းတန်းလေးသွယ်တို့အနီးမှနေ၍ ဝေနေယျသုခ ရေချမ်းစင်အသင်း နှစ်(၁၀၁)ပြည့်အထိမ်းအမှတ် သောက်ရေသန့်ဘူးပေါင်း ငါးသောင်းကျပ် ၃၅သိန်းဖိုးကို တစ်နေကုန် စတုဒိသာဒါနပြု လှူဒါန်းမည်ဖြစ်သည်။ သောက်ရေသန့်ဘူးပေါင်း ခုနစ်သိန်းလှူဒါန်းပြီးခဲ့သည်ကို သာဓုခေါ်ဆိုပါရန်နှင့် ရာသက်ပန်သောက်ရေသန့် ရေပဒေသာပင်တစ်ပင်လျှင် အနည်းဆုံးကျပ်တစ်သောင်းနှုန်းဖြင့် လှူဒါန်းနိုင်ရန် ဖုန်း-၃၈၁၇၃၆ နှင့် ဖုန်း-၃၈၃၅၁၁ လိုင်းခွဲ ၁၇၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဓနုဖြူမြို့နယ်အသင်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂

၁၃၆၈ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) အောက်တိုဘာ ၆ရက် (သောကြာနေ့)တွင် ဓနုဖြူမြို့ ကျိုက်ကလွန်ဗွန်းစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကြီး၌ ဓနုဖြူမြို့နယ်အသင်း(ရန်ကုန်)မှ အသင်းဝင် မိသားစုများ စုပေါင်း၍ ဓနုဖြူမြို့နယ်အတွင်း သီတင်းသုံးတော်မူကြသော ဆရာတော်၊ သံဃာတော်၊ သီလရှင်အပါး ၁၀၀၀ကျော်တို့အား စေတီတော်ကြီး ပရဝဏ်အတွင်းရှိ ဦးဘိုးရွှေတန်ဆောင်း၌ ဆွမ်းဆန်စိမ်းလောင်းလှူကြမည်ဟုသိရသည်။ **(က-ပ)**

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေပြဋ္ဌာန်း

■ *ရှေ့ဖုံးမှ*

(ဆ) **ကမ်းပါးနယ်**ဆိုသည်မှာ ရေစစ်မျဉ်းနှင့် ရေပြည့်မျဉ်းအကြားရှိ ကမ်းပါးစောက် သို့မဟုတ် ဆင်ခြေလျှောကမ်းပါးကို ဆိုသည်။

(ဇ) **ကမ်းနားနယ်**ဆိုသည်မှာ ကမ်းပါးနယ်နှင့် ဆက်စပ်ပြီး ကမ်းထိန်း လုပ်ငန်း၊ ရေလမ်းထိန်းလုပ်ငန်းနှင့် မြစ်ချောင်းဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရန် ဤဥပဒေနှင့်အညီ သတ်မှတ်သည့် မြေနယ်နိမိတ်ကို ဆိုသည်။

(ဈ) **ဆိပ်ခံတံတား**ဆိုသည်မှာ ရေယာဉ်များဆိုက်ကပ်၍ လူနှင့် ကုန်ပစ္စည်းတင်ချနိုင်သည့် မြစ်တွင်းတည်ဆောက်ထားသော တံတားကို ဆိုသည်။

(ည) **ဖောတံတား**ဆိုသည်မှာ ဆိပ်ခံတွဲကို မြစ်တွင်းတွင် ကျောက်ချ၍ ကမ်းနှင့်ဆက်စပ်ပြီး တည်ဆောက်ထားသော ရေယာဉ်များ ဆိုက်ကပ်ပြီး လူနှင့်ကုန်စည်းများ တင်ချနိုင်သည့် တံတားကို ဆိုသည်။

(ဋ) **ရေဆင်းတံတား** ဆိုသည်မှာ လှေသမ္ဗန်များဆိုက်ကပ်နိုင်ပြီး လူများ ရေချိုးရေခပ် ပြုလုပ်နိုင်သည့်တံတားကို ဆိုသည်။

(ဌ) **ရေလမ်းထိန်းအဆောက်အအုံ**ဆိုသည်မှာ မြစ်ချောင်းများပြုပြင် ထိန်းသိမ်းရန်တည်ဆောက်ထားသော ကမ်းထိန်းနံရံများ၊ ရေလွှဲ ရေကာများ၊ ရေခေါ်ရေကာများ၊ ရေမြှောပေါက်ပိတ်ရေကာများ၊ နုန်းဖမ်းရေကာများနှင့် လှိုင်းကာများကို ဆိုသည်။

(ဍ) **သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးခြင်း**ဆိုသည်မှာ မြစ်ချောင်း အတွင်း ခုတ်မောင်းသွားလာသည့်ရေယာဉ်ကြောင့်သော် လည်း ကောင်း၊ မြစ်ချောင်းအနီးပတ်ဝန်းကျင်ရှိ စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းများ သို့မဟုတ် နေထိုင်သူများကြောင့်သော်လည်းကောင်း ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်စေခြင်း သို့မဟုတ် ဂေဟစနစ်ပျက်စီး စေခြင်းကို ဆိုသည်။

(ဎ) **ဦးစီးဌာန**ဆိုသည်မှာ ပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကို ဆိုသည်။

အခန်း(၂)

ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ရေအရင်းအမြစ်နှင့်မြစ်ချောင်းများကို ပြည်သူများအကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် ထိန်းသိမ်းကာကွယ်ရန်၊

(ခ) မြစ်ချောင်းများအတွင်း ရေလမ်းကြောင်းဆက်သွယ်မှု လုံခြုံ ချောမွေ့စေရန်၊

(ဂ) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ဖြစ်စေရန်၊

(ဃ) သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုကို ကာကွယ်ရန်။

အခန်း(၃)

ပို့ဆောင်ရေးဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၄။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါ အတိုင်းဖြစ်သည်–

(က) မြစ်ကူးတံတားကြီးများရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဦးစီး ဌာန၏ တင်ပြချက်အပေါ် ရေလမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် ညွှန်ကြားခြင်း၊ လိုအပ်ပါက သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) ကမ်းပါးနယ်နှင့်ဆက်စပ်ပြီး ကမ်းထိန်းလုပ်ငန်း၊ ရေလမ်းထိန်း သိမ်းရေး လုပ်ငန်းနှင့် မြစ်ချောင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင် ရွက်ရန်လိုအပ်သည့် ကမ်းနားနယ်အဖြစ် မြေနယ်နိမိတ် သတ်မှတ်ကြေညာခြင်း၊

(ဂ) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးအတွက် မြစ်ချောင်းများအတွင်း ရေယာဉ်များခုတ်မောင်းသွားလာခြင်းနှင့် စပ်လျဉ်း၍ လိုအပ်သော စည်းကမ်းချက်များသတ်မှတ်နိုင်ရေး အတွက်ဦးစီးဌာနသို့ လမ်းညွှန်မှုပေးခြင်း၊

(ဃ) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် စီးပွားရေး အလို့ငှာ နစ်မြုပ်ရေယာဉ်တူးဖော်ခွင့်ပြုရန် လျှောက်ထားချက်ကို စိစစ်၍ ခွင့်ပြုချက်ထုတ်ပေးခြင်း၊

(င) ရေကြောင်းပြခ၊ ဆိပ်ကမ်းကပ်ခနှင့် မြစ်ချောင်းများ ထိန်းသိမ်း ရေးဆိုင်ရာ အခြားအခွန်အခများ သတ်မှတ်ခြင်း၊

(စ) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးအတွက် ပြည်တွင်းပြည်ပ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ် ဆောင်ရွက်ခြင်း၊

(ဆ) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးအတွက် မြန်မာနိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်ရန်ရှိသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သက်ဆိုင်သော အပြည် ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ ဒေသဆိုင်ရာသဘောတူစာချုပ်များ၊ နှစ်နိုင်ငံသဘောတူစာချုပ်များနှင့်အညီ ဆောင်ရွက်ခြင်း။

အခန်း(၄)

ဦးစီးဌာန၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) မြို့ဆိပ်ကမ်းများ မရွှေ့ရစေရေးနှင့် မြစ်ချောင်းရေလမ်း ကြောင်းများ ကောင်းမွန်ပြီး အမြဲတစေ အသုံးပြုနိုင်စေရေးတို့ အတွက် ဆောင်ရွက်ခြင်း၊

(ခ) မြစ်ချောင်းရေလမ်းကြောင်းများ ပြောင်းလဲမှုကြောင့် မြို့ရွာများ ရေတိုက်စားကမ်းပြိုမှုမှ ကာကွယ်ရန် စီမံဆောင်ရွက်ခြင်း၊

(ဂ) မြစ်ချောင်းအတွင်းနှင့် မြစ်ချောင်းအနီးတို့တွင် သဘာဝ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်း မရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(ဃ) မြို့များအလိုက် စိုးရိမ်ရေမှတ်များ သတ်မှတ်ခြင်း၊ ထိုသို့ သတ်မှတ်ရာတွင် မှန်ကန်မှုရှိစေရန်အတွက် သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) မြစ်ရေကို သောက်သုံးရေအဖြစ်လည်းကောင်း၊ စိုက်ပျိုးရေအဖြစ် လည်းကောင်း တစ်နှစ်ပတ်လုံး အသုံးချနိုင်စေရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများက ညှိနှိုင်းဆောင်ရွက် လာသည့်အခါ လိုအပ်သော အကူအညီများပေးခြင်း၊

(စ) နိုင်ငံတော်ပိုင် မြေများ မဆုံးရှုံးစေရေးအတွက် နယ်စပ်မြစ်များ၏ ရေလမ်းကြောင်းများအား ကာကွယ်ထိန်းသိမ်းခြင်းနှင့် စီမံ ဆောင်ရွက်ခြင်း၊

(ဆ) မြစ်ကူးတံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် မြစ်ချောင်း ရေလမ်းကြောင်းများကို တိုင်းထွာစစ်ဆေး၍ သဘော ထားမှတ်ချက်ဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(ဇ) ရေထုညစ်ညမ်းမှု မဖြစ်ပေါ်စေရေးအတွက် စည်းကမ်းချက်များ သတ်မှတ်ပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဈ) မြစ်ကြောင်းများ၏ ရေအနက်ပိုမိုလာစေရေးနှင့် ရေယာဉ်များ၏ ဝန်တင်အလေးချိန် တိုးမြှင့် တင်ဆောင်သွားလာနိုင်ရေးတို့ အတွက် ဆောင်ရွက်ခြင်း၊

(ည) မြစ်ချောင်းများ မတိမ်ကောစေရေးအတွက် မြစ်ချောင်းများတွင် လိုအပ်သည့် ရေဘက်ဆိုင်ရာ နည်းပညာတည်ဆောက်မှု လုပ်ငန်းများဆောင်ရွက်ခြင်း၊ သောင်တူးဖော်ခြင်းနှင့် တူးစာ စွန့်ပစ်ခြင်း၊

(ဋ) မြစ်ချောင်းများ၌ ရေလမ်းကြောင်းကို အဟန့်အတားဖြစ်စေသည့် အရာဝတ္ထုတို့ကို ဖယ်ရှားရှင်းလင်းခြင်း၊

(ဌ) မြို့ရွာဆိပ်ကမ်းများ၌ လည်းကောင်း၊ ကျဉ်းမြောင်းသော မြစ်ချောင်းများနှင့် ရေကြောင်းများ၌လည်းကောင်း သွားလာ ခုတ်မောင်းနေသော ရေယာဉ်အား အနှောင့်အယှက် သို့မဟုတ် အန္တရာယ်ဖြစ်စေလောက်သည်အထိ ဆိုက်ကပ်ရပ်နားထားသော၊ ကျောက်ချရပ်နားထားသော၊ သောင်တင်နေသော သို့မဟုတ် နစ်မြုပ်နေသော ရေယာဉ်များကို ဖယ်ရှားခြင်း၊

(ဍ) ရေအောက်ဓာတ်ကြိုး၊ ဆက်သွယ်ရေးကြိုး၊ ဓာတ်ငွေ့ပိုက်လိုင်း၊ ရေပိုက်လိုင်း သို့မဟုတ် ရေအောက်ဥမင်လိုဏ်ခေါင်းရှိသော နေရာတို့တွင် ကျောက်ချရပ်နားမှုများမပြုရန် တားမြစ်ခြင်းနှင့် တားမြစ်ထားသည့် အကွာအဝေးအတွင်း ကျောက်ချရပ်နား ထားသည့် ရေယာဉ်များကို ဖယ်ရှားခြင်း၊

(ဎ) ရေကြောင်းပြခ၊ ဆိပ်ကမ်းကပ်ခနှင့် မြစ်ချောင်းများ ထိန်းသိမ်း ရေးဆိုင်ရာ အခြားအခွန်အခများ ကောက်ခံခြင်း၊

(ဏ) ဝန်ကြီးဌာနက ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(တ) မိမိ၏လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဝန်ကြီးဌာနသို့ တင်ပြခြင်း။

၆။ ဦးစီးဌာန၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် လွှန်းလမ်း၊ သဘော်ာကျင်း၊ ရေစိုသဘော်ာကျင်း၊ ရေလုံသဘော်ာ ကျင်းတည်ဆောက်ခြင်း၊ ဆိပ်ခံတံတားနှင့် ရေဆင်းတံတား ဆောက်လုပ်ခြင်း၊ မြောင်းဖော်၍ သဘော်ာကမ်းထိုးခြင်းလုပ်ငန်း များ လုပ်ကိုင်ခွင့်လျှောက်ထားခြင်းအပေါ် စိစစ်၍ခွင့်ပြုချက် ထုတ်ပေးခြင်း၊

(ခ) ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း သဲများ၊ ကျောက်များနှင့် အခြားလေးလံသော အရာဝတ္ထုများ စုပုံခြင်းတို့ကို စိစစ်၍ခွင့် ပြုခြင်း၊

(ဂ) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် အဆောက်အအုံများနှင့် တံတားများဆောက်လုပ်ခွင့် လျှောက် ထားခြင်းနှင့် စပ်လျဉ်း၍ စိစစ်ပြီးသက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ ထောက်ခံချက်ထုတ်ပေးခြင်း၊

(ဃ) ရေလမ်းများအဆင့်သတ်မှတ်ခြင်း၊ ရေလမ်းဖွင့်ခြင်း၊ ပိတ်ခြင်း ရေလမ်းဆိုင်ရာ သတင်းနှင့် သတိပေးချက်တို့ကို အခါအား လျော်စွာထုတ်ပြန်ခြင်း၊

(င) ရေကြောင်းအလိုက် သွားလာနိုင်သည့် ရေယာဉ်အရွယ်အစားနှင့် တွဲအရေအတွက်သတ်မှတ်ခြင်း၊ ရေစူးအနက်သတ်မှတ်ခြင်း၊

(စ) မြစ်တွင်းသွားရေယာဉ်များ ဆိုက်ကပ်ရပ်နားရေးအတွက် မြစ်တွင်း ဆိပ်ကမ်းနေရာရွေးချယ်ခြင်း၊ ဆိပ်ကမ်းနယ်နိမိတ် သတ်မှတ်ခြင်း၊ ဆိပ်ကမ်းဖွင့်ခြင်း၊ ပိတ်ခြင်း၊

(ဆ) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် စီးပွားရေးအလို့ငှာ သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်း၊ မြစ်ကျောက်ထုတ်ခြင်း၊ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း၊ သို့မဟုတ် သယံဇာတ ထုတ်ယူခြင်းလုပ်ငန်းများ လုပ်ကိုင် ခွင့်ပြုရန်လျှောက်ထားချက်အပေါ် မြစ်ချောင်း ရေလမ်းကြောင်း များ ထိခိုက်နိုင်ခြင်း ရှိမရှိ စိစစ်၍ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ ထောက်ခံချက်ထုတ်ပေးခြင်း၊

(ဇ) ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးအတွက် မြစ်ချောင်းများအတွင်း ရေယာဉ်များ ခုတ်မောင်းသွားလာခြင်း နှင့် စပ်လျဉ်း၍ ဝန်ကြီးဌာန၏လမ်းညွှန်ချက်နှင့်အညီ စည်းကမ်း ချက်များ သတ်မှတ်၍ ထုတ်ပြန်ကြေညာခြင်း။

၇။ ဦးစီးဌာနသည် မိမိ၏ လုပ်ငန်းတာဝန်များကို လိုအပ်ပါက မိမိ လက်အောက်ရှိ ပြည်နယ်၊ တိုင်းရုံးများ၊ ပြည်နယ်ခွဲ၊ တိုင်း ခွဲရုံးများနှင့် ဒေသခွဲ ရုံးများအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

အခန်း(၅)

တားမြစ်ချက်များ

၈။ မည်သူမျှ–

(က) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိခိုက်ပျက်စီးစေရန်ရည်ရွယ် ၍ တစ်စုံတစ်ရာပြုလုပ်ခြင်း သို့မဟုတ် ရေကြောင်းအား ပြောင်းလဲစေခြင်း မပြုရ။

(ခ) ရေအရင်းအမြစ်များကို တမင်ပြုန်းတီးစေခြင်းမပြုရ။

၉။ မည်သူမျှရေလမ်းထိန်းအဆောက်အအုံတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ် တစ်ပိုင်းကိုဖြစ်စေ ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်း သို့မဟုတ် ရေယာဉ်ဖြင့် ဝင်တိုက်ခြင်း မပြုရ။

၁၀။ မည်သူမျှ မြစ်ချောင်းအတွင်း ရေယာဉ်များ ကျောက်ချရပ်နားခြင်းမပြုရန် တားမြစ်ထားသည့်နေရာတွင် ရေယာဉ်ကို ကျောက်ချရပ်နားခြင်းမပြုရ။

၁၁။ မည်သူမျှ–

(က) ကမ်းပါးမှသော်လည်းကောင်း၊ ခုတ်မောင်းနေသော၊ ဆိုက်ကပ် ထားသော၊ ကျောက်ချရပ်နားထားသော၊ သောင်တင်နေသော သို့မဟုတ် နစ်မြုပ်နေသော ရေယာဉ်မှသော်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်းဖြစ်စေမည့် စက်သုံးဆီ၊ ဓာတုပစ္စည်း၊ အဆိပ်သင့်ပစ္စည်းနှင့် အခြားပစ္စည်းများစွန့်ပစ်ခြင်း သို့မဟုတ် ပေါက်ကွဲစေတတ်သော ပစ္စည်းများစွန့်ပစ်ခြင်းမပြုရ။

(ခ) မြစ်ချောင်းနယ်၊ ကမ်းနားနယ် သို့မဟုတ် ကမ်းပါးနယ်အတွင်း အဆိပ်သင့်စေသော ပစ္စည်းတစ်မျိုးမျိုးဖြင့်ဖြစ်စေ၊ ပေါက်ကွဲ စေတတ်သောပစ္စည်းဖြင့် ဖောက်ခွဲ၍ဖြစ်စေ ရေနေသတ္တဝါ များအား ဖမ်းဆီးခြင်းမပြုရ။

(ဂ) မြစ်ချောင်းအတွင်း ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းသို့မဟုတ် သယံဇာတထုတ်ယူခြင်းလုပ်ငန်းများမှ စွန့်ပစ်မြေစာနှင့် အခြား ပစ္စည်းများကို မြစ်ချောင်းအတွင်းသို့ဖြစ်စေ၊ မြစ်ချောင်းအတွင်း စီးဝင်နိုင်သည့် ရေဆင်းလမ်း လျှိုမြောင်များအတွင်းသို့ဖြစ်စေ စွန့်ပစ်ခြင်းမပြုရ။

၁၂။ မည်သူမျှ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်း၏ ခွင့်ပြုချက်မရှိဘဲ ဥယျာဉ်ခြံမြေ စိုက်ပျိုးခြင်း၊ မြေတူးခြင်း၊ မြေဖို့ခြင်း၊ နုန်းဖမ်းခြင်း၊ အင်းပိတ်ခြင်း၊ တမံဖို့ခြင်း သို့မဟုတ် တုတ်ရိုက်ခြင်းမပြုရ။

၁၃။ မည်သူမျှ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် ဦးစီးဌာန၏ ထောက်ခံချက်မရှိဘဲ စီးပွားရေးအလို့ငှာ သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်း၊ မြစ်ကျောက်ထုတ်ခြင်း၊ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတထုတ်ယူခြင်း မပြုရ။

၁၄။ မည်သူမျှ သတ်မှတ်ထားသော ရေလမ်းထိန်းလုပ်ငန်းအတွက် ပြုစုထိန်း သိမ်းထားသည့် သောင်များမှလည်းကောင်း၊ မြစ်ချောင်းများအတွင်း တားမြစ်ထား သည့်နေရာမှလည်းကောင်း၊ ရေလမ်းကြောင်းအတွင်းမှလည်းကောင်း သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်း၊ မြစ်ကျောက်ထုတ်ခြင်း၊ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတများထုတ်ယူခြင်းမပြုရ။

၁၅။ မည်သူမျှ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် ဦးစီးဌာန၏ခွင့်ပြုချက်မရှိဘဲ လွှန်းလမ်း၊ သဘော်ာကျင်း၊ ရေစိုသဘော်ာကျင်း၊ ရေလုံသဘော်ာကျင်းတည်ဆောက်ခြင်း၊ ဆိပ်ခံတံတားနှင့် ဖောတံတား၊ ရေဆင်း တံတားဆောက်လုပ်ခြင်း သို့မဟုတ် မြောင်းဖော်၍ သဘော်ာကမ်းထိုးခြင်းမပြုရ။

၁၆။ မည်သူမျှ–

(က) သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိသော ရေယာဉ်အရွယ် အစား၊ စက်မြင်းကောင်ရေပမာဏ သို့မဟုတ် တွဲအရေအတွက် နှင့် ညီညွတ်ခြင်းမရှိသောရေယာဉ်ကို မြစ်ချောင်းအတွင်း ခုတ်မောင်းသွားလာခြင်းမပြုရ။

(ခ) သတ်မှတ်ထားသည့် ရေစူးအနက်နှင့် ကိုက်ညီခြင်းမရှိသော ရေယာဉ်ကို မြစ်ချောင်းအတွင်း ခုတ်မောင်းသွားလာခြင်းမပြုရ။

၁၇။ မည်သူမျှ သက်ဆိုင်ရာတာဝန်ရှိသူက ရေလမ်းထိန်းလုပ်ငန်း၊ တိုင်းတာ ရေးလုပ်ငန်း၊ သောင်တူးလုပ်ငန်း၊ ရေလမ်းညွှန်လုပ်ငန်း သို့မဟုတ် ရေအောက် အန္တရာယ်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသဖြင့် ရေယာဉ်များ ရပ်တန့် စောင့်ဆိုင်းရန် အချက်ပြထားသည်ကို မလိုက်နာဘဲ ရေယာဉ်ကို ဖြတ်သန်းခုတ် မောင်းသွားလာခြင်းမပြုရ။

၁၈။ မည်သူမျှ သတ်မှတ်ထားသော ဝန်တင်ရေမှတ်ထက်ပို၍ ဝန်များတင် ဆောင်ခုတ်မောင်းသွားလာခြင်း သို့မဟုတ် သတ်မှတ်ထားသော ရေကြောင်းလမ်း ပြင်ပမှ ခုတ်မောင်းသွားလာခြင်းမပြုရ။

စာမျက်နှာ ၆ ကော်လံ ၁

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ ဆိပ်ကမ်းတစ်ခုတွင် တည်ဆောက်ရေးလုပ်ငန်းများတွင်အသုံးပြုမည့် သစ်များကို အလုပ်သမားများက သင်္ဘောပေါ်မှ သယ်ချနေသည်ကို စက်တင်ဘာ ၃၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မလေးရှားနှင့် ပါကစ္စတန်နှစ်နိုင်ငံ လွတ်လပ်စွာကုန်သွယ်ရေးဆွေးနွေး

အစ္စလမ်မာဘတ် အောက်တိုဘာ ၂

နှစ်နိုင်ငံ လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီမှု(အက်ဖ်တီအေ)ရရှိရေးအတွက် ပါကစ္စတန်နှင့် မလေးရှားနှစ်နိုင်ငံတို့ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်မှု ပြီးစီးခဲ့ပြီဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာနမှ စက်တင်ဘာ ၂၉ ရက်၌ ပြောကြားသည်။

နှစ်နိုင်ငံစလုံးအနေဖြင့် လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီမှုရရှိရန် အနည်းငယ်သာ ကျန်ရှိတော့ကြောင်း၊ သဘောတူညီမှုရရှိမည် ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနမှ ပြောကြားသည်။

ဆောင်ရွက်ပေး

နှစ်နိုင်ငံ ဆွေးနွေးမှုများအရ ပါကစ္စတန်နိုင်ငံ၏ ပို့ကုန်များဖြစ်သော သရက်သီး၊ အထည်အလိပ်၊ သားရေတို့အပါအဝင် လယ်ယာစိုက်ပျိုးရေး ထုတ်ကုန်ပစ္စည်းများနှင့် အခြေခံပစ္စည်းများကို ဈေးကွက်၌ လက်ခံရန် မလေးရှားက ဆောင်ရွက်ပေးရမည်ဖြစ်သည်။

မလေးရှားနိုင်ငံသို့ တင်ပို့မည့် လိမ္မော်သီး၊ အာလူးနှင့် ရောက်သီးများကို အခွန်ကင်းလွတ်စွာ တင်ပို့နိုင်ရန်လည်း ဆောင်ရွက်မည်ဖြစ်သည်။

ထို့အတူ မလေးရှားနိုင်ငံမှ ပါကစ္စတန်နိုင်ငံသို့ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖြစ်ပေါ်လာစေမည်ဖြစ်သည်။ ယခုကဲ့သို့ နှစ်နိုင်ငံလွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီမှုဆွေးနွေးနိုင်ခြင်းမှာ ယခုနှစ် နိုဝင်ဘာလက မလေးရှားဝန်ကြီးချုပ် ပါကစ္စတန်နိုင်ငံသို့အလည်အပတ် ရောက်ရှိလာပြီးနောက်ပိုင်း ဖြစ်ပေါ်လာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ဝန်ကြီး ၃၅ ဦး ရက်သတ္တပတ်အတွင်းရွေးချယ်မည် ထိုင်းကြားဖြတ်အစိုးရ ဝန်ကြီးချုပ် ဆူရာယုဒ်ချူလာနွန်ပြောဆို

ဗန်ကောက် အောက်တိုဘာ ၂

တိုင်းပြည်အတွက် တရားမျှတရပြီး အဂတိလိုက်စားမှုကင်းသည့် အစိုးရအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပေးမည်ဖြစ်ကြောင်း ထိုင်းကြားဖြတ်အစိုးရ ဝန်ကြီးချုပ်သစ် ဆူရာယုဒ်ချူလာနွန်က အောက်တိုဘာ ၁ ရက်တွင် အာမခံပြောကြားလိုက်သည်။

ဝန်ကြီးများခန့်

အစိုးရအဖွဲ့ဝင် ဝန်ကြီး ၃၅ ဦးကို ရက်သတ္တတစ်ပတ်အတွင်း ရွေးချယ်မည်ဟုလည်း ဗိုလ်ချုပ်ကြီး ဆူရာယုဒ်ချူလာနွန်က ပြောဆိုသည်။ ဝန်ကြီးများရွေးချယ်ပြီးနောက် ရင်းနှီးမြှုပ်နှံသူများ ယုံကြည်မှုပိုမိုရှိစေမည့် အစိုးရ၏ မူဝါဒများကို မိမိရှင်းပြမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ၏ ၂၄ ဦးမြောက် ဝန်ကြီးချုပ်အဖြစ် ၎င်းအား ခန့်အပ်အပြီး ပြုလုပ်သော ပထမအကြိမ်သတင်းစာ ရှင်းလင်းပွဲတွင် ဗိုလ်ချုပ်ကြီး ဆူရာယုဒ်ချူလာနွန်က ပြောဆိုသည်။

ဦးစားပေးမည်

စီးပွားရေးမူဝါဒနှင့် ပတ်သက်၍ မေးမြန်းသည်ကို ၎င်းက ဖြေကြားရာ၌ ဂျီဒီပီထက် ပြည်သူတို့ စိတ်ချမ်းမြေ့ပျော်ရွှင်မှုကို ဦးစားပေးမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ

ဘရာဇီးခရီးသည်တင်လေယာဉ်ပျက်ကျမှုရှာဖွေတွေ့ရှိ

ဘရာဆီးလီးယား အောက်တိုဘာ ၁

ဘရာဇီးနိုင်ငံတွင် ခရီးသည် ၁၅၅ ဦးကို တင်ဆောင်ပျံသန်းလာသော ဘိုးရင်း ၇၃၇ လေယာဉ်သည် အမေဇုန် သစ်တောဧရိယာအထက် ဝေဟင်၌ လေယာဉ်ငယ်တစ်စင်းနှင့် တိုက်မိပြီး စက်တင်ဘာ ၃၀ ရက်က ပျောက်ဆုံးနေခဲ့ရာ ယခုအခါ ရှာဖွေရေးလေယာဉ်များက ပြန်လည်ရှာဖွေတွေ့ရှိခဲ့ပြီးဖြစ်ကြောင်း ဘရာဇီးအရာရှိများက ပြောကြားသည်။

ပြန်လည်တွေ့ရှိ

ရှာဖွေရေးလေယာဉ်များနှင့် ရဟတ်ယာဉ်များဖြင့် ရှာဖွေခဲ့ရာမှ ပြန်လည်တွေ့ရှိခဲ့ခြင်းဖြစ်ပြီး သေဆုံးသူများ၏ အရေအတွက်ကို အတည်ပြုနိုင်ခဲ့လျှင် ဘရာဇီးနိုင်ငံသမိုင်း၌ အဆိုးရွားဆုံး မတော်တဆဖြစ်ရပ် ဖြစ်လာမည် ဖြစ်သည်။

ပြောကြား

ခရီးသည် ၁၅၅ ဦးကို တင်ဆောင်ကာ ပျက်ကျခဲ့သော လေယာဉ်ကို ဘရာဆီးလီးယားမြို့ အနောက်မြောက်ဘက် မိုင် ၆၀၀ ခန့်အကွာ မာတိုဂရိုဆိုပြည်နယ်တွင် ဖြစ်ကြောင်း ဘရာဇီးအရာရှိများက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

အာရှ၏လေကြောင်းအချက်အချာဒေသ ရှန်ဟိုင်းဖြစ်လာရန် စီစဉ်ဆောင်ရွက်နေ

ရှန်ဟိုင်း အောက်တိုဘာ ၂

တရုတ်နိုင်ငံ၏ စီးပွားရေးဗဟို အချက်အချာကျရာ ရှန်ဟိုင်းမြို့တွင် အာရှနှင့်ပစိဖိတ်ဒေသ၏ လေကြောင်းပို့ဆောင်ရေး အချက်အချာကျရာဒေသကြီးဖြစ်လာရေး လေဆိပ်များ တည်ဆောက်သွားမည်ဖြစ်ကြောင်း ရှန်ဟိုင်းလေဆိပ်အုပ်စုက စက်တင်ဘာ ၂၈ရက်က ပြောကြားသည်။

ရှန်ဟိုင်းရှိ ကုမ္ပဏီတစ်ခုက ယင်းကို မဟာဗျူဟာတစ်ရပ်အဖြစ် ၂၀၀၅ ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ အဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်လုပ်ကိုင်နေကြောင်း၊ ယင်းလေဆိပ်များ တည်ဆောက်ရာတွင် တစ်နှစ်လျှင် ခရီးသည် သန်း ၅၀နှင့် ကုန်တန်ချိန် ၃ ဒသမ ၁သန်းကိုင်တွယ်ဆောင်ရွက်နိုင်မည့် ပူဒေါင်းလေဆိပ်နှင့် ဟောင်ဒါအိုလေဆိပ်တို့ကို တည်ဆောက်နေကြောင်း သိရသည်။

ပို့ဆောင်နိုင်

ဟောင်ဒါအိုတိုးချဲ့လေဆိပ်နှင့် ပူဒေါင်းလေဆိပ်စီမံကိန်းများ ၂၀၀၇-၂၀၁၀ကာလတွင် ပြီးစီးခဲ့သော် တစ်နှစ်လျှင် ခရီးသည် ၄၈သန်းနှင့် ကုန်တန်ချိန် ၄၊သန်း ပို့ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ပို့ဆောင်

ရှန်ဟိုင်းမြို့သည် ၂၀၁၀မှ ၂၀၁၅ ခုနှစ်ကာလအတွင်း ခရီးသွားဧည့်သည် သန်း ၁၁၀နှင့် ကုန်တန်ချိန် ခုနစ်သန်းနှစ်စဉ် ပို့ဆောင်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ပန်းခြံနှင့်ကမ်းခြေများ ဆေးလိပ်ကင်းမဲ့ဇုန်ဖြစ်နိုင်

ဟောင်ကောင် အောက်တိုဘာ ၂

ဟောင်ကောင်ရှိ ပန်းခြံများနှင့် အပန်းဖြေကမ်းခြေစခန်းများသည် လာမည့်နှစ်တွင် ဆေးလိပ်ကင်းမဲ့ဇုန်ဖြစ်လာနိုင်ကြောင်း၊ မိုးလုံလေလုံ အားကစားကွင်းနေရာများနှင့် လုပ်ငန်းခွင်နေရာများတွင်လည်း ဆေးလိပ်ကင်းမဲ့ဇုန်ဖြစ်လာနိုင်ကြောင်း ဟောင်ကောင် ဆေးလိပ်တိုက်ဖျက်ရေးအဖွဲ့က သုံးသပ်ထားသည်။

ပန်းခြံများနှင့် ကမ်းခြေဒေသများတွင် ပြီးခဲ့သည့် စက်တင်ဘာ ၂၉ရက်မှစ၍ ဆေးလိပ်မသောက်ရ စာတန်းများ ကပ်ထားကြောင်း သိရသည်။

ကြော်ငြာထား

အဆိုပါ သတိပေးစာတန်းများ၊ ဆိုင်းဘုတ်များကို အောက်တိုဘာ ၁၈ ရက်အထိ ကမ်းခြေနှင့်ပန်းခြံများတွင် ကြော်ငြာထားမည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဆံပင်အရှည် နှစ်မီတာရှိသော အဘိုးအို

ဆံပင်အရှည်နှစ်မီတာရှိသော အသက် ၈၀ အရွယ် အဘိုးအိုကို တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ချုံကျင်းစီရင်စုတွင် နေထိုင်သော လျိုရှီယန်အမည်ရှိ အသက် ၈၀ အရွယ် တရုတ်အဘိုးအိုတစ်ဦး၏ ဆံပင်အရှည်မှာ နှစ်မီတာရှိကြောင်း သိရသည်။ ၎င်းသည် နှစ်၃၀ အတွင်း ဆံပင်နှင့်မုတ်ဆိတ်မွေးများကို မရိပ်ဘဲ ထားခဲ့သည်ဟု ဆိုသည်။ **(အင်တာနက်)**

ဆင်လိမ္မာနှင့် ကလေးငယ်

ဆင်လိမ္မာ တစ်ကောင်က ကလေးငယ်တစ်ဦးကို နှာမောင်းဖြင့် ပွေ့ချီထားစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် အိုလံပစ် အထိမ်းအမှတ်အဖြစ် တိရစ္ဆာန်များ စွမ်းရည်ပြပွဲ၌ ဆင်လိမ္မာတစ်ကောင်က ကလေးငယ်တစ်ဦးအား နှာမောင်းဖြင့် ပွေ့ချီကာ ပုံစံအမျိုးမျိုး ဆော့ကစားပြခဲ့ကြောင်း သိရသည်။

(အင်တာနက်)

3-10 (04) 1 10/3/06, 1:49 AM

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၃

၂၀၀၆ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ကျရောက်သည့် ကိုရီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဘန်ကီမွန်းထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဂျာမနီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၃

၂၀၀၆ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ၏ ဂျာမန်ပေါင်းစည်းရေးနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာဖရန့်ဝေါလ်တာစတိန်းမေယာထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် (၄)ရပ်ကွက် အရှေ့ရန်ကင်း ရန်နိုင်လမ်းသွယ်(၈) တိုက် ၁၅၃/ကနေ ဦးကိုကိုမောင်–ဒေါ်ခင်မမစစ် သားသမီး မြေး ရှမ်းရွှေလီကျောက်မျက်ရတနာကုမ္ပဏီလီမိတက် မိသားစုက အလှူငွေကျပ် တစ်သိန်းသုံးသောင်းငါးထောင်ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ (M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

ထားဝယ်အသင်း ဆွမ်းတော်ကြီးကပ်လှူမည်

ရန်ကုန် အောက်တိုဘာ ၂

ထားဝယ်အသင်း ဆွမ်းတော်ကြီးကပ်လှူပူဇော်ပွဲကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်း အမှတ် ၈၂၈ ထားဝယ်အသင်းတိုက်၌ သီတင်းကျွတ်လဆန်း ၁၄ ရက် (အဖိတ်နေ့) အောက်တိုဘာ ၅ ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီမှ ည ၇ နာရီအထိ ကျင်းပမည်ဖြစ်သည်။ ထားဝယ် မုန့်ဟင်းခါးဖြင့် ဧည့်ခံမည်ဖြစ်ပြီး မုန့်၊ သစ်သီးနှင့် အလှူငွေများကို ထားဝယ်အသင်း ဖုန်း–၂၂၂၂၁၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က–ပ)**

အောက်တိုဘာ ၂ ရက်က ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ် ဧည့်ခံပွဲသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကျော်သူအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သံအမတ်ကြီး H.E.Mr. Dietrich Andreas က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃–၁၀–၂၀၀၆ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ကြယ်စင်မောင်နှမနှင့် တွေ့ဆုံခြင်း
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	Sunday Talk
၈း၃၀	တေးဂီတအစီအစဉ်
၈း၃၅	ပြည်တွင်းသတင်းအကျဉ်း
၈း၄၅	သီးနှံစိုက်ပျိုးအထွက်တိုး (ခြံစည်းရိုးကြက်ဆူပင်)
၈း၅၅	မိုးလေဝသခန့်မှန်းချက်
၉း၀၀	World's Wonders
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	မိကျောင်းမျိုးဆက် မပြုန်းတီးရေး ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေး
၉း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	နိုင်ငံတကာအနုပညာရေးရာ
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	ရောင်ပြန်ဟပ်ခြင်း (မင်းအုပ်စိုး၊ ကုသိုလ်) (ဒါရိုက်တာ ခင်နွဲ့နွဲ့မူ)
၁၀း၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၃၅	ပတ္တလားနှင့် နစ္စဂီတတေးပဒ္ဒင်
၁၀း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅	အကပြိုင်ပွဲ
၁၁း၀၀	တစ်ပတ်အတွင်း အားကစားသတင်း
၁၁း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၀	သိမြင်သုတတိုးပွားစေရာ ဆဋ္ဌသံဂါယနာ မော်ကွန်းပြတိုက်မှာ
၁၁း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀	တစ်ကွင်းတစ်စပ်မြစ်ရေတင် လုပ်ငန်းများ
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၁၂း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

တာမွေမြို့နယ် အမက(၇)၌ ဂုဏ်ပြုပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂

တာမွေမြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၇)တွင် စတုတ္ထတန်းအထိ ပညာသင်ကြားအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ အနက်မှ ၂၀၀၅–၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူများအား အောက်တိုဘာ ၂၀ ရက်တွင် ဂုဏ်ပြုပွဲ ကျင်းပမည်ဖြစ်သည်။ ခြောက်ဘာသာဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူများ ယင်းကျောင်းသို့ အောက်တိုဘာ ၁၃ ရက် နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ဒေါ်သန်းသန်းအေး တစ်လပြည့်အားရည်စူး၍ ရေဝတီတိုင်း ဟသ်ာတမြို့ လက်သမား(မြောက်)ရပ် ရွှေစေတီလမ်း အမှတ် ၃၆ နေ ဦးဝင်းဌေး၊ သမီး မသင်းသင်းခိုင် (ရွှေဌေးလေး) မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာ ကျောင်းအမှုဆောင် ဆရာတော် အရှင်ဝီရိယ(နန်းမား)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

ရထားစက်ခေါင်းများ ပြည်တွင်း၌ ရာနှုန်းပြည့်တည်ဆောက်နိုင်ရေး ရည်မှန်းချက်အတိုင်း အောင်မြင်စွာဆောင်ရွက်နိုင်ရေး ကြိုးပမ်း

ရန်ကုန် အောက်တိုဘာ ၂

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး သူရဦးသောင်းလွင် လိုက်ပါလျက် စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက အင်းစိန် စက်ခေါင်းစက်ရုံသို့ရောက်ရှိလာရာ ဝန်ကြီးအား အစည်းအဝေးခန်းမဆောင်၌ စက်ရုံမှူး၊ ဒုတိယအထွေထွေမန်နေဂျာ ဦးစောဗယ်လ်လင်တိုင်းနှင့် အင်ဂျင်နီယာမှူး (လျှပ်စစ်) ဦးစံမြင့်တို့က စက်ခေါင်းတည်ဆောက်ရာတွင် မှာယူတင်သွင်းပေးရန် လိုအပ်သော ပစ္စည်းများနှင့် စက်ခေါင်းပိုင်းဆိုင်ရာ ပစ္စည်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို လည်းကောင်း၊ စက်ခေါင်းပိုင်းဆိုင်ရာ ပစ္စည်းများဖြစ်သော ဖရိန်ပိုင်းဆိုင်ရာ ဆောင်ရွက်မှုများအား လည်းကောင်း၊ အင်ဂျင်ပိုင်းဆိုင်ရာ ဆောင်ရွက်မှုများအား လည်းကောင်း၊ ဘိုဂီပိုင်းဆိုင်ရာ ဆောင်ရွက်မှုများအား လည်းကောင်း၊ အအေးခံကိရိယာပိုင်းဆိုင်ရာ ဆောင်ရွက်မှုများအား လည်းကောင်း၊ ထရန်စမစ်ရှင်းပိုင်းဆိုင်ရာ ဆောင်ရွက်မှုများအား လည်းကောင်း၊ အထောက်အကူပြု ကိရိယာပိုင်းဆိုင်ရာ ဆောင်ရွက်မှုများအား လည်းကောင်း၊ လျှပ်စစ်ထိန်းချုပ်မှုပိုင်းဆိုင်ရာ ဆောင်ရွက်မှုများအားလည်းကောင်း၊ စက်မှုထိန်းချုပ်မှုပိုင်းဆိုင်ရာ ဆောင်ရွက်မှုများအားလည်းကောင်း သက်ဆိုင်ရာ အင်ဂျင်နီယာများက ရှင်းလင်းတင်ပြကြသည်။

ဖြည့်စွက်တင်ပြ

၎င်းနောက် ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က စက်ခေါင်း တည်ဆောက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် ဖြည့်စွက်တင်ပြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ရထားစက်ခေါင်းများအား ပြည်တွင်း၌ ရာနှုန်းပြည့် တည်ဆောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရည်မှန်းချက်အတိုင်း အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် စိတ်ဓာတ် တက်တက်ကြွကြွဖြင့် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ မြန်မာ့မီးရထားအနေဖြင့် အဓိကလုပ်ငန်းသုံးရပ်ဖြစ်သော စက်ခေါင်းများကို ပြည်တွင်း၌ ကိုယ်တိုင်တည်ဆောက်နိုင်ရေး၊ အဆင့်အတန်းမြင့်မားသော လူစီးရထားတွဲများ စနစ်တကျ ကိုယ်တိုင်လုပ်ဆောင်နိုင်ရေးနှင့် အသုံးပြု၍မရသော ရထားစက်ခေါင်းများကို ပြန်လည်ပြုပြင် တည်ဆောက်အသုံးပြုနိုင်ရေးတို့ကို စီမံချက်ချမှတ်ဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

ဖြည့်ဆည်းမှာကြား

ထို့နောက် ဝန်ကြီးသည် စက်ခေါင်းစက်ရုံ(အင်းစိန်)အတွင်း ဆောင်ရွက်လျက်ရှိသော စက်ခေါင်းများ အကြီးတန်းပြုပြင်ဆောင်ရွက်မှုလုပ်ငန်း၊ မြင်းကောင်ရေ ၁၂၀၀ အား စက်ခေါင်းသစ်အတွက် ဖရိန်တည်ဆောက်နေမှုလုပ်ငန်း၊ စက်ခေါင်းဘောနက် တည်ဆောက်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားသည်။

ပြန်လည်တပ်ဆင်

ဆက်လက်၍ ဝန်ကြီးသည် မြို့ပတ် ဒီဇယ်စက်ခေါင်းရုံသို့ သွားရောက်၍ အာရ်ဘီအီးရထားစက်ခေါင်းနှင့် တွဲဆိုင်းများ ပုံမှန်မပြတ်ပြုပြင်နေမှုကို လည်းကောင်း၊ ဂျပန်နိုင်ငံမှ မှာယူရောက်ရှိလာသော အာရ်ဘီအီး ၂၅၂၈ ရထားစက်ခေါင်း၏ မူလဘိုဂီကို ဖြုတ်၍ ပြုပြင်မွမ်းမံပြီးနောက် ပြန်လည်တပ်ဆင်ခြင်းလုပ်ငန်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုဖြည့်ဆည်း မှာကြားသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တဖွတ်ထိုးသမားများ အမြင်အာရုံချို့ယွင်းနိုင်

တစ်စုံတစ်ခုကို ခေါင်းမာစွာ တဖွတ်ထိုး ငြင်းခုံပြောဆိုတတ်သူများသည် အမြင်အာရုံချို့ယွင်းမှု ဖြစ်ပေါ်စေတတ်ကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ သုတေသနပြုချက်၌ ဖော်ပြသည်။

ဖော်ပြထား

ထိုသို့ တဖွတ်ထိုးဉာဉ်ရှိသူများသည် သဘာဝဦးနှောက်ဖွဲ့စည်းမှုစနစ် ယိုယွင်းကာ စက္ခုအမြင်အာရုံကိုလည်း ရှင်းလင်းစွာ အချက်ပေးမှုမပြုလုပ်နိုင်ကြောင်း ဖော်ပြထားသည်။

ထို့အတူ ခေါင်းမာလွန်းသော လူများသည် မြင်ကွင်းတစ်ခုကို ကြည့်ရှုရာတွင် ဦးနှောက်အချက်ပေးစနစ်နှင့် အမြင်အာရုံတို့ တစ်ထပ်တည်းမကျရောက်သဖြင့် သာမန်မြင်တွေ့ရမှုကို မြင်နိုင်စွမ်းမရှိကြကြောင်းသိရသည်။

ဖော်ပြ

ထိုသူများသည် မှောင်လွန်းသော၊ လင်းလွန်းသော နေရာများ၌ မြင်ကွင်း ခွဲခြားမှု ပိုမိုသိသာစွာ အားနည်းတတ်ကြသည်ကိုတွေ့ရကြောင်း၊ အမြင်ချို့ယွင်းမှုကို သာမန်လူများထက် အချိန်စောစီးစွာ ကြုံတွေ့ရကြောင်းလည်း သုတေသနပြုချက်၌ ဖော်ပြသည်။

ထို့ကြောင့် ပုံမှန်အနေအထားဖြစ်အောင် နေထိုင်နိုင်ရန် ကြိုးစားသင့်ကြောင်း အမေရိကန် သုတေသနပညာရှင် ဒေါက်တာကာရက်စာကိုက ပြောကြားသည်။ **(ကိုးကား–အင်တာနက်)**

အင်တာနက်သတင်းနှင့်ဓာတ်ပုံ

စာမျက်နှာ ၃ မှ

၁၉။ မည်သူမျှ ကမ်းပါးမှသော်လည်းကောင်း၊ ခုတ်မောင်းနေသော၊ ဆိုက်ကပ်ထားသော၊ ကျောက်ချရပ်နားထားသော၊ သောင်တင်နေသော သို့မဟုတ် နစ်မြုပ်နေသော ရေယာဉ်ပေါ်မှ ရေလမ်းပျက်စီးခြင်း သို့မဟုတ် ရေကြောင်းပြောင်းလဲခြင်းဖြစ်ပေါ်စေမည့် အရာဝတ္ထုတစ်ခုခုကို မြစ်ချောင်းအတွင်းသို့ စွန့်ပစ်ခြင်းမပြုရ။

၂၀။ မည်သူမျှ–
- (က) မြစ်ချောင်းအတွင်း ရေလမ်းကြောင်းကို ပိတ်ဆို့၍ ငါးဖမ်းပိုက်ထောင်ခြင်း၊ ပိုက်ချခြင်း၊ ပိုက်မျှောခြင်း၊ နှန်းထိုင်အောင်ပိုက်ချခြင်း သို့မဟုတ် ပိုက်ထောင်ခြင်းမပြုရ။
- (ခ) မြစ်ကူးတံတားတိုင်များအား ရေယာဉ်ဖြင့် ဝင်တိုက်မိစေခြင်းမပြုရ။

၂၁။ မည်သူမျှ–
- (က) ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း မြို့ပြကျေးလက်လူနေမှုပုံစံနှင့် မသင့်လျော်သည့် အိမ်သာများဆောက်လုပ်ခြင်းမပြုရ။
- (ခ) ရေတွင်းရေကန်တူးဖော်ခြင်း၊ ဦးစီးဌာန၏ခွင့်ပြုချက်မရှိဘဲမြေတူးခြင်းမပြုရ။

၂၂။ မည်သူမျှ ဦးစီးဌာန၏ခွင့်ပြုချက်မရှိဘဲ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း စီးပွားရေးအလို့ငှာ သဲများ၊ ကျောက်များနှင့် အခြားလေးလံသောအရာဝတ္ထုများ စုပုံခြင်းမပြုရ။

၂၃။ မည်သူမျှ–
- (က) ပို့ဆောင်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲ စီးပွားရေးအလို့ငှာ နစ်မြုပ်ရေယာဉ် တူးဖော်ခြင်းမပြုရ။
- (ခ) ဦးစီးဌာန၏ ထောက်ခံချက်မရှိဘဲ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် အဆောက်အအုံများနှင့် တံတားများဆောက်လုပ်ခြင်းမပြုရ။
- (ဂ) ရေလမ်းညွှန်အမှတ်အသားများ၊ မိုင်တိုင်များ၊ မှတ်တိုင်များ သို့မဟုတ် နိမ့်မြင့်ပလ္လင်များကို ဖျက်ဆီးခြင်းသို့မဟုတ် ပျက်စီးစေခြင်း သို့မဟုတ် ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ရွှေ့ပြောင်းခြင်းမပြုရ။

၂၄။ မည်သူမျှ–
- (က) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးအတွက် ဦးစီးဌာနက သတ်မှတ်ထားသော မြစ်ချောင်းများအတွင်း ရေယာဉ်များ ခုတ်မောင်းသွားလာခြင်းဆိုင်ရာ စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမပြုရ။
- (ခ) မြစ်ချောင်းအတွင်း ရေထုညစ်ညမ်းမှု မဖြစ်ပေါ်စေရေးနှင့် ရေလမ်းကြောင်း မပြောင်းလဲစေရေးအတွက် ဦးစီးဌာနက သတ်မှတ်ထားသော စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မပြုရ။

အခန်း(၆)
ပြစ်ဒဏ်များ

၂၅။ မည်သူမဆို ပုဒ်မ ၈၊ ၉၊ ၁၅ သို့မဟုတ် ပုဒ်မ၂၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား ၃နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၅၀၀၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၆။ မည်သူမဆို ပုဒ်မ ၁၀၊ ၁၁၊ ၁၂၊ ၁၃ သို့မဟုတ် ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား ၂နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၃၀၀၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၇။ မည်သူမဆို ပုဒ်မ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂ သို့မဟုတ် ပုဒ်မ ၂၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ၁နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၀၀၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၈။ မည်သူမဆို ပုဒ်မ ၂၅၊ ၂၆ သို့မဟုတ် ပုဒ်မ ၂၇ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး ထိုသူ၏ ပြုလုပ်မှုကြောင့် တစ်စုံတစ်ရာ ပျက်စီးဆုံးရှုံးမှုရှိပါက သက်ဆိုင်ရာ ပြစ်မှုအတွက် ချမှတ်သော ငွေဒဏ်အပြင် ထိုသူအားအဆိုပါပျက်စီးဆုံးရှုံးမှုတန်ဖိုးကို လျော်ကြေးအဖြစ် ပေးဆောင်စေရန် ထည့်သွင်းချမှတ်ရမည်။ ချမှတ်သော လျော်ကြေးငွေကို ပေးဆောင်ခြင်းမပြုပါက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၈၆ အရ ဒဏ်ငွေကဲ့သို့ အရကောက်ခံရမည်။

၂၉။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်လျှင် ဖြစ်စေ၊ ပူးပေါင်းကြံစည်၍ ပြစ်မှုမြောက်သော ပြုလုပ်မှုကို ပြုလုပ်လျှင်ဖြစ်စေ၊ ပြစ်မှုကို ကျူးလွန်ရန် အားပေးကူညီလျှင်ဖြစ်စေ ဤဥပဒေတွင် ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

အခန်း(၇)
အထွေထွေ

၃၀။ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် လုပ်ငန်းလိုအပ်ချက်အရ မြစ်ချောင်းများနှင့် ကမ်းပါးနယ်၊ ကမ်းနားနယ်အတွင်း ရေနုတ်မြောင်း ဖောက်လုပ်ခြင်း၊ မြစ်ရေထုတ်နုတ်သုံးစွဲခြင်း၊ မြစ်ကူးတံတားကြီးများတည်ဆောက်ခြင်း၊ မြေအောက်ပိုက်လိုင်း ဆက်သွယ်ခြင်း၊ မြေအောက်လျှပ်စစ်ဓာတ်အားလိုင်း ဆက်သွယ်ခြင်း၊ မြေအောက်ကြေးနန်းလိုင်း ဆက်သွယ်ခြင်း သို့မဟုတ် တူးဖော်ခြင်း ပြုလုပ်လိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ မထိခိုက်စေရေးအတွက် ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ကို ရယူပြီးမှသာ ဆောင်ရွက်ရမည်။

၃၁။ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အစိုးရဌာန၊ အဖွဲ့အစည်းတို့သည် ပုဒ်မ ၆၊ ပုဒ်မခွဲ(ဂ)နှင့် (ဃ)တို့ပါ လုပ်ငန်းကိစ္စများနှင့် စပ်လျဉ်း၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ၊ ရေလမ်းကြောင်းများ မထိခိုက်စေရေးအတွက် ဦးစီးဌာန၏ ထောက်ခံချက်ရရှိမှသာ မိမိတို့၏ လုပ်ပိုင်ခွင့်အရ ခွင့်ပြုနိုင်သော ကိစ္စများကို ခွင့်ပြုရမည်။

၃၂။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သက်ဆိုင်သော ကိစ္စရပ်များကို ဤဥပဒေအရသာလျှင် အရေးယူဆောင်ရွက်ရမည်။

၃၃။ The Obstructions in Fairways Act, 1881, The Defile Traffic Act, 1907 နှင့် The Inland Steam Vessels Act, 1917, the Outports Act, the Ports Act, the Yangon Ports Act တို့နှင့် ယင်းဥပဒေများအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၄။ ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သော ကိစ္စတစ်ရပ်ရပ်အတွက် ပြည်သူ့ဝန်ထမ်းတစ်ဦးဦးကို တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၃၅။ ဤဥပဒေအရ တရားစွဲဆိုသော ပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်သော ပြစ်မှုများအဖြစ်သတ်မှတ်သည်။

၃၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်
- (က) ပို့ဆောင်ရေးဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။
- (ခ) ပို့ဆောင်ရေးဝန်ကြီးဌာနသည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ သန္တိသုခသာသနာ့ဗိမာန်တော်ကြီး အလှူတော်ငွေပေးအပ်ပွဲအခမ်းအနားတက်ရောက်

အလှူတော်ငွေပေးအပ်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၁)တိုးချဲ့ရပ်ကွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာဝင်းအတွင်း၌ တည်ဆောက်လျက်ရှိသော သန္တိသုခသာသနာ့ဗိမာန်တော်ကြီး အတွက် တတိယအကြိမ် အလှူတော်ငွေပေးအပ်ပွဲတွင် အလှူရှင်တစ်ဦး၏ လှူဒါန်းငွေကို လက်ခံစဉ်။ (သတင်းစဉ်)

ရန်ကုန် အောက်တိုဘာ ၂

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၁) တိုးချဲ့ရပ်ကွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာဝင်းအတွင်း၌ တည်ဆောက်လျက်ရှိသော သန္တိသုခသာသနာ့ဗိမာန်တော်ကြီး အတွက် တတိယအကြိမ် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲကို ယမန်နေ့နံနက် ၉ နာရီတွင် အဆိုပါ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ အလှူငွေများလက်ခံသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့(ရွှေကျင်)ဥက္ကဋ္ဌ ဆရာတော်ထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဧည့်ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ သာသနာ့ဗိမာန်တော်ကြီး ဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးတင်မြက သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ တင်ပြလျှောက်ထားသည်။

ယင်းနောက် သာသနာ့ဗိမာန်တော်ကြီးအတွက် ဂုဏ်ထူးဆောင်နာယက ဦးမောင်မောင်ကြိုင်က ငွေကျပ် ၁၀သိန်း၊ မြောက်ဒဂုံ စက်မှုဇုန်က ငွေကျပ်ငါးသိန်း၊ မတည် အလှူရှင် FISCA Enterprises ဥက္ကဋ္ဌ ဦးစိုးမြင့်ထွန်းနှင့် မန်နေဂျင်း ဒါရိုက်တာ ဦးဇော်ဝိတ်နှင့်ဇနီး ဒေါ်စုစုအေးတို့က ငွေကျပ်ငါးသိန်းစီ၊ ဦးတင်မြ–ဒေါ်ပိုလေးနာ မိသားစုက ငွေကျပ်ငါးသိန်း၊ ဦးကျော်လွင်– ဒေါ်ဝင်းဝင်းရွှေ မိသားစုက ငွေကျပ် ၄၈၀၀၀၀၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၄၄)ရပ်ကွက်နေ ဦးစိုးလွင်– ဒေါ်သန်းညွန့် မိသားစုက ငွေကျပ် လေးသိန်း၊ ဦးကိုကိုအောင်– ဒေါ်ခင်မာရီ မိသားစုက ငွေကျပ် ၃၃၀၀၀၀၊ FISCA Enterprises CEO ဦးဇော်မင်း၊ GM(Mkt) ဦးကျော်ထူးလှိုင်၊ GM (Eng) ဦးဇော်တို့က ငွေကျပ်သုံးသိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက လက်ခံပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

ဂုဏ်ပြုလွှာပေး

ဆက်လက်၍ မတည်အလှူရှင် FISCA Enterprises Dy GM (Adm) ဦးခင်မောင်ကြည်နှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၃၆) ရပ်ကွက်နေ ဗိုလ်မှူးကြီး စောငွေ(ငြိမ်း)တို့က ငွေကျပ်လေးသိန်း၊ Kaung Tint Wai Co., Ltd. မှ မန်နေဂျင်း ဒါရိုက်တာ ဦးရဲမြင့်၊ GM ဦးမောင်မောင်လတ်တို့က ငွေကျပ် လေးသိန်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အောင်ဇမ္ဗူထွန်း လျှပ်စစ်လုပ်ငန်းမှ ဦးဌေးဝင်း၊ KKK စက်မှု လုပ်ငန်းမှ ဦးကျော်ကျော်ဦး၊ တွင်ခုံနှင့် စက်မှုလုပ်ငန်းမှ ဦးမြင့်နွယ်တို့က ငွေကျပ်တစ်သိန်းခွဲစီ၊ FISCA Enterprises မှ Chief Marketing မန်နေဂျာ ဦးဇော်မြင့်၊ အောင်သံဆန်ခါထုတ်လုပ်ရေးမှ ဒေါ်ရူပါအောင်၊ ဘိုဘိုမင်း စားသောက်ဆိုင်မှ ဦးသန့်ဇင်ဦး၊ ပစ်တိုင်းထောင် ငါးအအေးခန်းမှ ဦးတင်မောင်သိန်း၊ မြောက်ဒဂုံ စက်မှုဇုန် မော်တော်ယာဉ် ထုတ်လုပ်ရေးမှ ဦးကျော်ဝေ၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နေ ဦးစိုးပိုင်နှင့် ဦးလှထွေးတို့က ငွေကျပ်တစ်သိန်းစီ၊ မြောက်ဒဂုံစက်မှုဇုန် မော်တော်ယာဉ် ထုတ်လုပ်ရေးမှ ဦးအောင်ကြည်နှင့် သံဆန်ခါလုပ်ငန်းမှ ဦးသိန်းအေး၊ လုပ်ငန်းရှင် ဦးအောင်ဝင်းတို့က ငွေကျပ် ငါးသောင်းစီ၊ ဦးဇော်နိုင်ထွေး– ဒေါ်ယမင်း (လိုတရရွှေဆိုင်)က ငွေကျပ် ၂၅၀၀၀၀၊ ဒေါ်မြမြခိုင် မိသားစု (ပလ္လင်နှင့်ရေစင်) က ငွေကျပ်၂၃၇၅၀၀၊ ဦးကြည်မောင်– ဒေါ်ဆွေဆွေအေး မိသားစု၊ ဦးအောင်နိုင်မြင့်– ဒေါ်သောင်းသောင်းဌေး၊ ဦးထွန်းဝင်း–ဒေါ်ဥမ္မာ၊ သမီး ရွှန်းလဲ့ထွန်းဝင်း၊ ဦးကျော်မြင့်–ဒေါ်ဌေးဌေး မိသားစု၊ ဦးမြထွန်း–ဒေါ်လေးလေးနိုင် မိသားစုတို့က ငွေကျပ် ၁၅၀၀၀၀ စီ၊ ဦးခင်မောင်ဇော်– ဒေါ်အေးအေးထွန်း၊ ဦးစိန်သာကျော်–ဒေါ်ခင်သိန်းလှ၊ ဦးဖိုးရွှင်–ဒေါ်ခင်ဝင်းမောင် မိသားစုတို့က ငွေကျပ် ၁၂၀၀၀၀ စီ၊ ဒေါ်စောရီ မိသားစုက ငွေကျပ် ၁၁၀၀၀၀၊ ဒေါ်ဌေးရင် မိသားစု၊ ဦးလှတင် မိသားစု၊ ဦးမျိုးမြင့်–ဒေါ်ဌေးဌေးအောင် မိသားစု၊ ဒေါ်ခင်ထားသွယ် မိသားစု၊ ဒေါ်သန်းသန်းအေးနှင့် ညီအစ်ကို မောင်နှမများ၊ ဦးလှကြည်–ဒေါ်ခင်အုန်းရီ မိသားစု၊ ဦးကျော်ဒင်–ဒေါ်စန်းမြင့် မိသားစု၊ ဦးအောင်–ဒေါ်သန်းသန်းဌေး၊ ဦးသန်းနွဲ့–ဒေါ်ခင်စန်းဌေး မိသားစု၊ ဦးအောင်ဝင်း–ဒေါ်တင်မာကြည် မိသားစု၊ ဦးတင်မြင့်ကျော်–ဒေါ်စပါယ်ဦး မိသားစု၊ ဒေါ်စောမိုးမိုး မိသားစု၊ ဒေါ်စောရှင်–သား ဦးကျော်စိန် မိသားစု၊ ဒေါ်မြရှင် မိသားစု၊ ဦးအောင်မျိုးလတ်–ဒေါ်စုနွယ်ဖြိုး မိသားစု၊ နှစ်ဖက်သောမိဘများကို အမှူးထား၍ ဦးတိုးဝင်းခိုင်၊ ဒေါ်နန်းကျော့ကလျာ မိသားစုတို့က ငွေကျပ်တစ်သိန်းစီ ပေးအပ်လှူဒါန်းကြရာ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရိန်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ရန်ကုန်တိုင်း သံဃနာယကအဖွဲ့(ရွှေကျင်)ဥက္ကဋ္ဌ ဆရာတော်ထံမှ ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှူဒါန်းမှု

သာသနာ့ ဗိမာန်တော်ကြီး အတွက် အလှူရှင်၆၇ဦးတို့၏ လှူဒါန်းမှုအစုစုမှာ ငွေကျပ် ၁၂၆၁၇၇၀၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မန္တလေးဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် ကျေးဇူးရှင်များအား အမှူးထား၍ သီရိသုမေ့ မဏိဓောတရေ ဦးစိုးဟန်လင်းမိသားစုက လှူဒါန်းငွေကျပ် ၃၃၆၀၀၀ အပါအဝင် ဓမ္မမိတ်ဆွေများ စုပေါင်းလှူဒါန်းငွေကျပ် ၇၆၂၀၀၀ နှင့် အက်ဖ်အီးစီ ၅၀ ကို လမ်းမတော်မြို့နယ် ဝါးတန်းလမ်း အမှတ် ၄၂ ပထမထပ် ဦးမျိုးသန့် ဖုန်း-၂၂၀၂၄၅ နေအိမ်၌ လှူဒါန်းရာ အမှုဆောင် ဒေါ်ကေသက်မော်က လက်ခံ၍ ကျောင်းဖြစ်မြောက်ရေးအကျိုးဆောင်ဆရာတော် အရှင်ရာဇိန္ဒ (နာလန္ဒာ)က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ဟိုပုံးမြို့နယ် ကောင်ငင်းကျေးရွာတွင် အောင်မြင်လျက်ရှိသော ရွှေဝါထွန်း အထူးအထွက်ကောင်း စပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❒ *ကျောဖုံးမှ*

လိုအပ်သည်များမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေးနှင့် အဖွဲ့ဝင်များသည် ဟိုပုံးမြို့နယ် နမ့်ခုတ်စံပြကျေးရွာသို့ ရောက်ရှိကြ၍ ကျေးလက်ကျန်းမာရေးဌာနကို ဝင်ရောက်ကြည့်ရှု စစ်ဆေးရာ ကျေးလက်ကျန်းမာရေးမှူး ဦးအောင်ဝင်းက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေးနှင့် အဖွဲ့ဝင်များသည် နမ့်ခုတ်အခြေခံ ပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ယူနေမှု၊ သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြုစာသင်ခန်းနှင့် သိပ္ပံခန်းတို့ကို လှည့်လည်ကြည့်ရှု အားပေးကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှမြင့်က သင်ကြားပို့ချမှု အခြေအနေများကို ရှင်းလင်းတင်ပြ၍ တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေးက ဖြည့်စွက်ဆွေးနွေး တင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက နိုင်ငံတော်အစိုးရက မြို့နှင့်ကျေးလက် ပညာရည်ကွာခြားမှု လျော့ပါးရေးအတွက် စီမံကြိုးပမ်းချိန်၌ ပညာရည်ထူးချွန် ထက်မြက်သော ဒေသခံလူငယ် လူရွယ်များ ပေါ်ထွန်းလာအောင် ဆရာ ဆရာမများက စေတနာထားပြီး ပို့ချကြရေး၊ ဆရာ ဆရာမများကိုယ်တိုင်လည်း အရည်အချင်းမြင့်မားနေအောင် အစဉ်ကြိုးစားအားထုတ်ကြရေး၊ သင်ထောက်ကူပစ္စည်းများကို ထိထိရောက်ရောက် အကျိုးရှိအောင် စနစ်တကျ အသုံးပြုရေး၊ လိုအပ်သည်များကို ဒေသခံပြည်သူများနှင့် ဒေသအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်တို့၏ ကြီးကြပ်ပံ့ပိုးမှုဖြင့် ဖြည့်ဆည်းဆောင်ရွက်ကြရေး တို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဆီဆိုင်မြို့နယ် ဘန်းယဉ်ကျေးရွာရှိ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိကြပြီး တပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံသည်။

လက်တွဲဆောင်ရွက်

တွေ့ဆုံပွဲတွင်ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရေး၊ ပြည်တွင်းပြည်ပ အဖျက်သမားများအား ပြည်သူများနှင့် လက်တွဲချေမှုန်းရေး၊ နိုင်ငံတော်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဒေသခံပြည်သူများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက အရာရှိ၊ စစ်သည်မိသားစုဝင်များအတွက် ရုပ်မြင်သံကြားဖမ်းစက်၊ ထောက်ပံ့ငွေများနှင့် ကျောင်းသုံးဗလာစာအုပ်များကို တာဝန်ရှိသူများထံ ပေးအပ်ပြီး အရာရှိ၊ စစ်သည်မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တမန်းနှီးပွဲကြည့်ရှုအားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဘန်းယဉ်ကျေးရွာအနီးရှိ ဆီဆိုင်မြို့နယ် မိုးစပါး ရွှေရင်အေးစံပြကွက်ဧက ၁၀၀ စိုက်ခင်းသို့ရောက်ရှိကြပြီး မိုးစပါး မြေသြဇာကြဲပက်ပွဲနှင့် စုပေါင်းတမန်းနှီးပွဲကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ဒေသခံတောင်သူများနှင့် တွေ့ဆုံပြီး မိုးစပါးစိုက်ပျိုးမှု၊ မြေသြဇာအသုံးပြုခြင်းဖြင့် စပါးအထွက်နှုန်း အခြေအနေများကို မေးမြန်းဆွေးနွေးကာ မိုးစပါးအထွက်နှုန်း ပိုမိုတိုးတက်နိုင်သော မြေသြဇာများကို စနစ်တကျ အသုံးပြုစိုက်ပျိုးသွားကြရေးမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် အဖွဲ့ဝင်များသည် ဆီဆိုင်မြို့သို့ရောက်ရှိကြပြီး မြို့နယ်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကြသည်။

တိုးချဲ့စိုက်ပျိုး

တွေ့ဆုံပွဲတွင်ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက နိုင်ငံတော်အစိုးရအနေဖြင့် ပြည်နယ်နှင့်တိုင်းများရှိ ဒေသအားလုံး အကြားအလပ်မရှိ ကွက်လပ်မကျန် မျှမျှတတဖွံ့ဖြိုးတိုးတက်စေရေးအတွက် စေတနာထား၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စီမံကိန်းများဖြင့်၊ စေတနာအပြည့်အဝဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသကဲ့သို့ ဒေသခံပြည်သူများကလည်း ဟန်ချက်ညီညီဖြင့် နိုင်ငံတော်အစိုးရနှင့် လက်တွဲပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရေး၊ ဒေသတွင်း ခြံစည်းရိုးကြက်ဆူပင် တိုးချဲ့စိုက်ပျိုးရေးနှင့် စိုက်ပျိုးပြီးကြက်ဆူပင်များ ရှင်သန်ဖြစ်ထွန်းအောင် စနစ်တကျ ဆောင်ရွက်ရေး၊ ဒေသဝမ်းစာဖူလုံရေးနှင့် စားသုံးဆီဖူလုံရေးတို့အတွက် စပါးနှင့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးနှင့် ပန်းတိုင်ထွက်နှုန်းရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရေးတို့ကို ရှင်းလင်းမှာကြားသည်။

ယင်းနောက် တိုင်းမှူးဗိုလ်မှူးချုပ် သောင်းအေးက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအမံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆီဆိုင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခိုင်ထွန်းက မြို့နယ်အတွင်း ဆန်နှင့် ဆီဖူလုံမှုအခြေအနေနှင့် မြို့နယ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ရပ်ရွာပညာပဒေသာအတွက် ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခိုင်ထွန်းအားလည်းကောင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက ကျေးလက်နေကျောင်းသားကျောင်းသူများအတွက် စာသင်ခုံများ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများကို မြို့နယ်ပညာရေးမှူး ဒေါ်နန်းငွေငွေအားလည်းကောင်းပေးအပ်လှူဒါန်းပြီး တက်ရောက်လာကြသူများအားရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေးနှင့် အဖွဲ့ဝင်များသည် ဆီဆိုင်မြို့နယ်ရှိ နယ်မြေခံတပ်ရင်းသို့ သွားရောက်ကြပြီး အရာရှိ၊စစ်သည်မိသားစုဝင်များအားတွေ့ဆုံကြသည်။

အောင်မြင်အောင်ဆောင်ရွက်

တွေ့ဆုံပွဲတွင်ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဒေသခံပြည်သူများနှင့်အတူတကွညီလက်ညီ ပူးပေါင်းဆောင်ရွက်ရေး၊ မိသားစုဝင်များသက်သာချောင်ချိမှုရှိစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် တိုးချဲ့ဆောင်ရွက်ကြရေးတို့ကိုမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက စစ်သည်မိသားစုဝင်များအတွက် ရုပ်မြင်သံကြားဖမ်းစက်နှစ်လုံးနှင့် ကျောင်းသုံးဗလာစာအုပ်များကို တာဝန်ရှိသူများထံပေးအပ်ပြီး စစ်သည်မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဖြည့်စွက်ရှင်းလင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၁ရက် နံနက်ပိုင်းတွင် ဆီဆိုင်မြို့မှ ဆီဆိုင်-ဟိုပုံး-တောင်ကြီးကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာကြရာ ဟိုပုံးမြို့နယ် ကောင်ငင်းကျေးရွာအနီးရှိ ဖုန်းအင်းဒေသသို့ရောက်ရှိကြပြီး တစ်ဆက်တစ်စပ်တည်း စိုက်ပျိုး ဖြစ်ထွန်းအောင်မြင်လျက်ရှိသော ရွှေဝါထွန်းအထူးအထွက်ကောင်း စပါးစိုက်ခင်းနှင့် အနီးပတ်ဝန်းကျင်ရှိ အခြားသီးနှံများဖြစ်ထွန်း အောင်မြင်နေမှုတို့ကို ရှုရပ်မှကြည့်ရှုစစ်ဆေးရာ တောင်ကြီးခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြင့်တင်နှင့် ပြည်နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးကျော်သန်းတို့က ရှင်းလင်းပြသကြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက နိုင်ငံတော်က သတ်မှတ်ထားသော အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရေး၊ ဒေသဝမ်းစာဖူလုံမှုမှသည် အခြားလိုအပ်သောဒေသများသို့ပါ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဒေသခံတောင်သူများအား ဌာနဆိုင်ရာတာဝန်ရှိသူများက စည်းရုံးဆောင်ရွက်သွားကြရေး မှာကြားသည်။

ဖွံ့ဖြိုးတိုးတက်မှုကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဆီဆိုင်-ဟိုပုံး-တောင်ကြီး ကားလမ်းတစ်လျှောက်ရှိ မြို့များနှင့်ကျေးရွာများ၏ သန့်ရှင်းသပ်ရပ်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးခဲ့ကြပြီး မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှိ အစိုးရ ကွန်ပျူတာကောလိပ်သို့ ရောက်ရှိရာ ကောလိပ်တာဝန်ခံဆရာမ ဒေါက်တာသွဲ့မူဟန်က ကောလိပ်၏ တည်နေရာ၊ အကျယ်အဝန်း၊ ပို့ချလျက်ရှိသော သင်တန်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ဦးရေ သင်ကြားစီမံကိန်းများနှင့် ပင်မစာသင်ဆောင်အသစ် တည်ဆောက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

စံချိန်စံညွှန်းမီ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက နိုင်ငံတော်က အားထားရမည့် အရည်အချင်း ပြည့်ဝ၍ထူးချွန်ထက်မြက်သော ကွန်ပျူတာပညာရှင်များပေါ်ထွန်းလာရေး အတွက် ဆရာ ဆရာမများက ကြိုးစားသင်ကြားပြသရေး၊ ဆရာ ဆရာမများကိုယ်တိုင်လည်း အရည်အချင်း ပြည့်ဝရေးအတွက် မိမိကိုယ်မိမိ အစဉ်ပြုစုပျိုးထောင်နေစေရေး၊ သင်ထောက်ကူပစ္စည်းများကို ထိထိရောက်ရောက် အကျိုးရှိရှိ အသုံးပြုနိုင်ရေး၊ အဆောက်အအုံများ သတ်မှတ်စံချိန်စံညွှန်းမီ တည်ဆောက်သွားရေးတို့ကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ကွန်ပျူတာခန်း၊ ဝန်ထမ်းအိမ်ရာ၊ အသစ်တည်ဆောက်မည့် ပင်မစာသင်ဆောင်နေရာနှင့် စာသင်ခန်းမများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတောင်ပိုင်းဒေသများ မိုးဆက်လက်ရွာမည်

ရန်ကုန် အောက်တိုဘာ ၂

လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများ၌ တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "ဇန်စိန်း" သည် ကုန်းတွင်းပိုင်းသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး အပူပိုင်းမုန်တိုင်းအဖြစ် အားပျော့ကာ အနောက်ဘက်သို့ ဆက်လက်ရွေ့လျားနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

အောက်တိုဘာ ၃ ရက် ညနေအထိ ခန့်မှန်းချက်အရ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့၌ နေရာကွက်ကျား၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကယားပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ရွာမည်ဟု သိရသည်။ (မြန်မာ့အလင်း)

တည်ဆဲအစိုးရ ပြုတ်ကျရေးသက်သက်အတွက် လှုံ့ဆော်ဆူပူဖန်တီးကြသည့် လုပ်ရပ်များသည် တိုင်းပြည် မတည်မငြိမ်ဖြစ်မှု၊ ဆုတ်ယုတ်ယိုယွင်းမှု ဆိုးကျိုးများကိုသာ ဖြစ်စေကြောင်း နိုင်ငံတကာ ဖြစ်စဉ်ဖြစ်ရပ်များကတစ်ဆင့် သင်ခန်းစာယူကြရမည့်အချိန်ရောက်ပြီ

● ရှေ့ဖုံးမှ

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက္ကသိုလ်၊ ကောလိပ်ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၀) သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်စဉ်။ (သတင်းစဉ်)

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကမ္ဘာနှင့်အဝန်းမှာ သိပ္ပံနှင့် နည်းပညာတိုးတက်ပြောင်းလဲမှုများ အပါအဝင် နိုင်ငံတကာဖြစ်စဉ်ဖြစ်ရပ်များသည် အလွန်လျင်မြန်သည့် အရှိန်အဟုန်ဖြင့် ပြောင်းလဲဖြစ်ပေါ်နေကြောင်း၊ ယင်းသို့ အခြေအနေအချိန်အခါမျိုးတွင် မိမိတို့ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာတိုးတက်ပြောင်းလဲမှုဖြစ်စဉ်မှာ ကြွင်းကျန်မနေရစ်စေရအောင်နှင့် နိုင်ငံတကာပြောင်းလဲမှုများ၏ မလိုလားအပ်သည့် အကျိုးဆက်များကြောင့် မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် နစ်နာဆုံးရှုံးမှုများ မဖြစ်ပေါ်စေရအောင် မပြတ်သော အမျိုးသားရေးသတိနှင့် အစဉ်မပြတ် အားထုတ်ကြိုးပမ်း ဆောင်ရွက်နေရမည့် အခြေအနေ ဖြစ်နေပြီဖြစ်ကြောင်း။

အားသွန်ခွန်စိုက်

ထို့အပြင် ယခုအခြေအနေသည် အစဉ်ရှင်သန် လှုပ်ရှားနိုးကြားနေသည့် Dynamic ဖြစ်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်မှသာလျှင် နိုင်ငံတကာ့ အလယ်တွင် ရှင်သန်ရပ်တည်နိုင်မည့် အခြေအနေဖြစ်နေခြင်းကြောင့် အမိနိုင်ငံတော်ကြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေစေရေးအတွက် တစ်မျိုးသားလုံးက ဦးတည်ချက်ရှိရှိနှင့် ညီညီညွတ်ညွတ် မနားမနေ အားစိုက်ခွန်စိုက် ကြိုးစားအားထုတ်နေကြရမည့် အချိန်အခါကိုလည်း ရောက်ရှိနေပြီဖြစ်ကြောင်း။

ယင်းသို့ အခြေအနေအချိန်အခါမျိုးတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို မြှင့်တင်နိုင်စေရအောင်နှင့် နိုင်ငံတော်၏အနာဂတ်သည် အမျိုးသားရေးအကျိုးစီးပွား အဖြစ်ထွန်းနိုင်ဆုံး လမ်းကြောင်းမှန်ပေါ်တွင် တည့်တည့်မတ်မတ် ခိုင်ခိုင်မာမာ ဖြစ်တည်နေစေရအောင် ပညာရပ်ဆိုင်ရာအပိုင်းက ထိထိရောက်ရောက် အထောက်အကူပြုပေး နိုင်ရန် လိုအပ်နေပြီဖြစ်ကြောင်း၊ ဖွံ့ဖြိုး တိုးတက်မှုနယ်ပယ်ကဏ္ဍစုံသည် ပညာရှင်အသီးသီး၏ ကြိုးစားအားထုတ်မှုများဖြင့် ရည်မှန်းချက်များနှင့်အညီ စနစ်တကျ ဖွံ့ဖြိုးတိုးတက်နေစေရမှာ ဖြစ်ကြောင်း။

တစ်ဖက်မှာလည်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှု၊ သတ္တုစသည့် ကုန်ထုတ်လုပ်မှုကဏ္ဍများ၊ စီးပွားကုန်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ စီမံခန့်ခွဲရေး စသည့် ဝန်ဆောင်မှုကဏ္ဍများတွင် ဆိုင်ရာဆိုင်ရာ သိပ္ပံနှင့် နည်းပညာရပ်များသည် ခေတ်ကာလနှင့်အညီ တိုးတက်ဖြစ်ထွန်းနေစေရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို လက်တွေ့ကြိုးပမ်းဖော်ဆောင်နေကြသည့် ပြည်သူတစ်ရပ်လုံး ပညာရည်မြင့်မားစေရေးအတွက် ပညာရေးကဏ္ဍကို အခြေခံပြီး ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း။

ယင်းအမျိုးသားရေး လိုအပ်ချက်များ ပြည့်စုံလာစေရေးအတွက် နိုင်ငံတော်အစိုးရအနေနှင့် **"တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး"**နှင့် **"အစဉ်လေ့လာသင်ယူနေသော မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကြီး ဖြစ်ပေါ်လာရေး"**ဆိုသည့် မြင့်မားသည့် ပညာရေးမျှော်မှန်းချက်များကိုချမှတ်ပြီး အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းများကို ရည်မှန်းချက်ရှိရှိနှင့် စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း။

ထို့ကြောင့်ယနေ့ပညာရေးကဏ္ဍ၏ တာဝန်ဝတ္တရားများသည် ထုထည်ပမာဏ ပိုမိုကြီးမားကျယ်ပြန့်လာလျက်ရှိသကဲ့သို့ အနှစ်သာရအားဖြင့် များစွာသိမ်မွေ့နက်ရှိုင်းလေးနက်လျက်ရှိသည်ဆိုသည်ကို ပညာရှင်များဖြစ်ကြသည့် ဆရာ ဆရာမများအားလုံးက ခိုင်ခိုင်မြဲမြဲခံယူထားကြပြီး ဖြစ်လိမ့်မည်ဟု ယုံကြည်ကြောင်း၊ ယင်းခံယူချက်နှင့်အညီ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရပ်ဆိုင်ရာ စွမ်းအားနှင့်ထိထိရောက်ရောက်ထောက်ကူပေးနိုင်စေရန် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အားထုတ်ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေး၊ ပြည်သူများစားဝတ်နေမှု ပြည့်စုံဖူလုံစေရေး၊ပညာရေး၊ကျန်းမာရေး၊ လူမှုရေးဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးတို့အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များချမှတ်ပြီး ဘက်စုံကဏ္ဍစုံ၌ ရည်မှန်းချက်ရှိရှိနှင့် စေတနာရှေ့ထား ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

အောင်မြင်မှုအသီးအပွင့်

ယင်းသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် ပေါ်ပင်ကျပန်းမဟုတ်ဘဲ နယ်ပယ်ကဏ္ဍစုံမှာ အမျိုးသားစီမံကိန်းများ ချမှတ်ပြီး စနစ်တကျ ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် အောင်မြင်မှုအသီးအပွင့် အကျိုးရလဒ်ကောင်းများလည်း ယနေ့ စတင်မြင်တွေ့ခံစားနေကြရပြီဖြစ်ကြောင်း။

နိုင်ငံတော်၏စီးပွားရေးသည် နှစ်ရှည်နှစ်တို အမျိုးသားစီးပွားရေး စီမံကိန်းများ စနစ်တကျ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုကြောင့် နှစ်စဉ်မှန်မှန်ချည်း တိုးတက်လျက်ရှိနေပြီ ဖြစ်ကြောင်း။

တိုးတက်ဖြစ်ထွန်း

စီးပွားရေးကဏ္ဍမှာ ကုန်ထုတ်လုပ်မှု တိုးတက်စေရန် ကုန်သွယ်မှုပမာဏ တိုးတက်ပြီး ပို့ကုန်ပိုမိုတင်ပို့နိုင်စေရန်၊ တစ်ဦးချင်းဝင်ငွေ တိုးတက်စေရန်၊ နယ်စပ်ကုန်သွယ်ရေးမှာ ပုံမှန်ကုန်သွယ်မှုစနစ်ကို ကူးပြောင်းနိုင်စေရန် ရည်မှန်းဆောင်ရွက်လျက်ရှိရာတွင် ရည်မှန်းချက်များနှင့်အညီ တစ်စထက်တစ်စ တိုးတက်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

ထို့အပြင် ပုဂ္ဂလိက ကဏ္ဍအပါအဝင် ကုန်ထုတ်လုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်တည်ရှိပြီး စက်ရုံ၊ အလုပ်ရုံများစွမ်းအားပြည့် ထုတ်လုပ်နိုင်စေရန် စက်မှုကဏ္ဍဖွံ့ဖြိုးမှုနှင့် တစ်ပြေးညီ လျှပ်စစ်ဓာတ်အားလုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူးနိုင်စေရန် နိုင်ငံရဲ့ စွမ်းအင်လိုအပ်ချက်ကို ရေရှည်ထုတ်လုပ် ဖြည့်ဆည်းနိုင်စေရန်အတွက် ဒေသအလိုက် စက်မှုဇုန်များ၊ အပြည်ပြည်ဆိုင်ရာ စက်မှုဇုန်များ၊ အဆင့်မြင့်နည်းပညာသုံး စက်မှုဇုန်များတိုးချဲ့ထူထောင်ရေးအစီအမံများ၊ ရေအားလျှပ်စစ်စီမံကိန်းကြီးများ၊ အသေးစားနှင့် အလတ်စားလျှပ်စစ်စီမံကိန်းများ၊ မဟာဓာတ်အားလိုင်း တိုးချဲ့အားဖြည့်မှုစီမံကိန်းများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးချဲ့ရှာဖွေထုတ်လုပ်ရေး စီမံကိန်းများ၊ ကြက်ဆူဆီ အပါအဝင် သဘာဝလောင်စာဆီ(Biofuel)ထုတ်လုပ်ရေး စီမံကိန်းများစသည့် အစီအမံအမျိုးမျိုးကို စနစ်တကျချမှတ်ပြီး ဘက်စုံကဏ္ဍစုံမှာ ဖြန့်ကြက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ယှဉ်တွဲဆောင်ရွက်

တစ်ဖက်မှာလည်း ရငွေသုံးငွေမျှတသည့် ဘဏ္ဍာငွေအရ အသုံးစနစ်ဖြစ်လာစေရအောင် ခြိုးခြံချွေတာမှု၊ ကုန်ထုတ်လုပ်မှုနှင့် မသက်ဆိုင်သည့် အသုံးစရိတ်များလျှော့ချမှု၊ အခွန်အကောက်စနစ် မှန်ကန်မျှတစေမှုတို့နှင့် ယှဉ်တွဲပြီး ဆောင်ရွက်လျက်ရှိကြောင်း။

တိုင်းပြည်အတွက်အရေးပါသည့် အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးအပိုင်းမှာ ဆိုလျှင်လည်း တရားဥပဒေစိုးမိုးမှု၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုရှိလာစေရန် သွက်လက်မြန်ဆန်ထက်မြက်သည့် အုပ်ချုပ်ရေးယန္တရား တစ်ရပ်ဖြစ်လာစေရန်၊အီလက်ထရွန်နစ်စနစ်အခြေပြုသည့် အုပ်ချုပ်ရေးစနစ် e-Government ဖြစ်လာစေရန် ပြည်သူများအတွက် လိုအပ်သည့်နေရာဒေသများတွင် One-stop-service စနစ်များဆောင်ရွက်ပေးရန်၊ လာဘ်ပေးလာဘ်ယူမှုကင်းစင်သည့် အုပ်ချုပ်ရေးစနစ်ဖြစ်လာစေရန် ကြိုးစားလုပ်ဆောင်နေသည်ကို အားလုံးသတိပြုမိကြမှာပင်ဖြစ်ကြောင်း။

ထူးထူးခြားခြားဖွံ့ဖြိုးတိုးတက်

ယင်းသို့ ဘက်စုံကဏ္ဍစုံနယ်ပယ်စုံမှာ ဖြန့်ကြက်ပြီး ရည်မှန်းချက်ရှိရှိနှင့် ကြိုးပမ်းဆောင်ရွက်ခဲ့၍လည်း နိုင်ငံတော်ကြီးသည် ယခင်ခေတ်ကာလများနှင့် နှိုင်းယှဉ်လျှင် သိသိသာသာ ထူးထူးခြားခြား ဖွံ့ဖြိုးတိုးတက်နေပြီဆိုသည်ကို မည်သူမျှ မငြင်းနိုင်သည့် အမှန်တရားပဲ ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်ကို နောင်လာနောက်သားများ လက်ဝယ်ကိုထားရစ်ခဲ့သည့်အခါမှာ မိမိတို့စတင်တာဝန်ယူခဲ့ရသည့်အချိန်ကလို အဘက်ဘက်က ယိုယွင်းဆုတ်ယုတ်ပြီး ဖရိုဖရဲနှင့် ပြိုကွဲပျက်စီးလုအခြေအနေနှင့် မချန်ထားခဲ့ဘဲ အဘက်ဘက်မှာဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများနှင့် ပြည့်စုံပြီး တည်ငြိမ်အေးချမ်းသာယာနေသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ်နှင့်သာထားရစ်ခဲ့နိုင်စေရအောင် စေတနာရှေ့ထားပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် နိုင်ငံတော်ကို ကြိုးစားတည်ဆောက်ပေးကြဖို့ အခါမလပ် လမ်းညွှန်မှာကြားလျက်ရှိကြောင်း၊ အလားတူပင် တိုင်းပြည်တိုးတက်ရာ တိုးတက်ကြောင်း အမြဲမပြတ်ဆင်ခြင်ဆန်းစစ်ပြီး လက်တွေ့ကျသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကိုလည်း လမ်းညွှန်ချမှတ်ပေးလျက်ရှိကြောင်း။

တိုးတက်ပြောင်းလဲ

နိုင်ငံတော်အကြီးအကဲ၏မှန်ကန်သည့်ဦးဆောင်မှု၊အမြော်အမြင်ကြီးမားသည့် လမ်းညွှန်မှုများနှင့်အညီ နိုင်ငံတော်တာဝန်ရှိသူအားလုံး တစ်သွေးတည်း တစ်သံတည်း စည်းလုံးညီညွတ်စွာကြိုးစားအားထုတ်ဆောင်ရွက်ခဲ့ကြ၍လည်း နိုင်ငံသည်

အမျိုးသားရေးမျှော်မှန်းချက်များ အောင်မြင်ဖြစ်ထွန်းနေသည့် အခြေအနေများကြောင့် အမျိုးသားရေးပန်းတိုင်ကို လှမ်းမျှော်ရှုမြင်နိုင်နေပြီဖြစ်သည့် အချိန်အခါကောင်းမှာ အဖျက်သမားများကလည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်၊ ဆူပူအုံကြွမှုဖြစ်ပေါ်လာအောင်ဆိုသည့် စေတနာဆိုးများနှင့် အဖျက်အမှောင့်လုပ်ငန်းများ၊ သွေးထိုးလှုံ့ဆော်မှုများနှင့် အကြမ်းဖက်လုပ်ငန်းများကိုပါမကျန် တိုးမြှင့်လုပ်ဆောင်လာလျက်ရှိ။

အနှောင့်အယှက် အဟန့်အတားအဖုံဖုံကို ကျော်ဖြတ်ပြီး အချိန်တိုကာလအတွင်းမှာ ထူးထူးခြားခြား တိုးတက်ပြောင်းလဲလာခဲ့ခြင်းဖြစ်ကြောင်း။

ယနေ့ အခြေအနေကိုကြည့်လျှင် မိမိတို့ နိုင်ငံတော်ကြီးသည် လွတ်လပ်ရေးရပြီးခေတ်ဖြတ်သန်းခဲ့ရသည့် သမိုင်းကာလတစ်လျှောက်လုံးမှာ အတည်ငြိမ်ဆုံး အအေးချမ်းဆုံးနှင့် ဖွံ့ဖြိုးတိုးတက်မှုအရှိဆုံး ကာလကို ရောက်ရှိနေပြီဆိုသည်ကို ထင်ထင်ရှားရှား တွေ့မြင်နေကြရမှာဖြစ်ကြောင်း။

ဦးတည်ချက်ရှိရှိ

ထို့အပြင် နိုင်ငံတော် တည်ငြိမ်အေးချမ်းစွာ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေမှု၊ နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ တိုးတက်ဖြစ်ထွန်းနေမှုနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး တိုးပွားခိုင်မာလာမှုတို့၏ အကျိုးဆက် စွမ်းအားကောင်းများကြောင့် အမျိုးသား ညီလာခံကြီးက အစပြုသည့် ဒီမိုကရေစီ တည်ဆောက်ရေး လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဦးတည်ချက်ရှိရှိနှင့် အချိန်မှန်မှန် ဆက်လက်လျှောက်လှမ်းနိုင်နေသည့် အချိန်ကောင်း အခါကောင်းကိုလည်း ရောက်ရှိနေပြီဖြစ်ကြောင်း။

ယင်းသို့ အမျိုးသားရေးမျှော်မှန်းချက်များ အောင်မြင်ဖြစ်ထွန်းနေသည့် အခြေအနေများကြောင့် အမျိုးသားရေးပန်းတိုင်ကို လှမ်းမျှော်ရှုမြင်နိုင်နေပြီ ဖြစ်သည့် အချိန်အခါကောင်းမှာ အဖျက်သမားများကလည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်၊ ဆူပူအုံကြွမှုဖြစ်ပေါ်လာအောင်ဆိုသည့် စေတနာဆိုးများနှင့် အဖျက်အမှောင့်လုပ်ငန်းများ၊ သွေးထိုးလှုံ့ဆော်မှုများနှင့် အကြမ်းဖက်လုပ်ငန်းများကိုပါမကျန် တိုးမြှင့်လုပ်ဆောင်လာလျက်ရှိနေသည်ကို တွေ့နိုင်ပါကြောင်း။

သွေးထိုးလှုံ့ဆော်

အမှန်တကယ်အားဖြင့် ပြည်သူအများစုကြီးသည် မြန်မာလူမျိုးများပီပီ စိတ်အေး ချမ်းမြေ့စွာနှင့် မိမိတို့၏ ပရိယေသနဝမ်းစာအတွက် အေးအေးချမ်းချမ်း ရှာဖွေစားသောက်လုပ်ကိုင်လိုသူများသာဖြစ်ကြကြောင်း၊ ဘာသာတရားကို ကိုင်းရှိုင်းသည့် လူမျိုးဖြစ်သည်နှင့်အညီ ဆူပူမှု၊ အကြမ်းဖက်မှု၊ မုန်းတီးမနာလိုမှုများကို ရှောင်ရှားကြသူများသာဖြစ်ကြောင်း၊ သို့သော်လည်း တိုင်းပြည်ပျက်လိုက ပျက်ပါစေ၊ မိမိတို့ အာဏာရရှိရေးက ပိုအရေးကြီးတယ်ဆိုသည့် နိုင်ငံရေးဝိသမစိတ် လွှမ်းမိုးနေသည့်အဖျက်သမားများသည် ရိုးသားဖြူစင်ပြီး စိတ်နှလုံးအေးချမ်းစွာ နေထိုင်တတ်သည့် ပြည်သူများကို ဆင်းရဲဒုက္ခအဖုံဖုံတွေ့အောင် တမင်ဖန်တီးနေသည့်အပြင် ယင်းဆင်းရဲဒုက္ခအဖုံဖုံကြောင့် နိုင်ငံတော်အစိုးရအပေါ် မကျေမနပ်စိတ်များပေါ်ပေါက်လာစေအောင် တစ်ယူသန်အာဃာတစိတ်များ၊ မလိုမုန်းထားစိတ်များ သွတ်သွင်းပြီး လုပ်ကြံဖန်တီးမှုအမျိုးမျိုးဖြင့် သွေးထိုးလှုံ့ဆော်လျက်ရှိနေကြောင်း။

တည်ဆဲအစိုးရ ပြုတ်ကျရေးသက်သက်အတွက် ပြည်သူလူထုကို လမ်းမပေါ်ရောက်အောင်လှုံ့ဆော်၊ ဆူပူမှုတွေဖန်တီးကြသည့် လုပ်ရပ်များသည် ပြည်သူများအကြား စိတ်ဝမ်းကွဲပြားမှု၊ အာဃာတ ကြီးမားမှုများကို ဖြစ်ပေါ်စေပြီး တိုင်းပြည်အတွက် မတည်မငြိမ်ဖြစ်မှု၊ ဆုတ်ယုတ်ယိုယွင်းမှု ဆိုးကျိုးများကိုသာ ဖြစ်စေတယ်ဆိုတာ ယနေ့နိုင်ငံတကာဖြစ်စဉ်ဖြစ်ရပ်များကတစ်ဆင့် သင်ခန်းစာ ယူကြရမည့် အချိန်ရောက်နေပြီဖြစ်ကြောင်း။

အမျိုးသားရေးအင်အားစု

ယင်းသို့အခြေအနေမျိုးများ၊ အကြမ်းဖက်မှုများ၊ သွေးထိုးလှုံ့ဆော်မှုများ ရှိနေသမျှကာလပတ်လုံး တိုင်းပြည်ဖရိုဖရဲ မပြိုကွဲရအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်သည့်၊ ပြည်သူအားလုံးကို တစည်းတလုံးတည်းဖြစ်အောင် စုစည်း ဦးဆောင်မှုပေးနိုင်သည့် ပါတီစွဲ၊ ဂိုဏ်းဂဏစွဲ ကင်းစင်သည့် အမျိုးသားရေးအင်အားစုတစ်ရပ် အမြဲတစေ လိုအပ်နေမှာ အမှန်ပင်ဖြစ်ကြောင်း။

နိုင်ငံတကာမျက်နှာစာမှာ ကြည့်မည်ဆိုလျှင်လည်း ပြည်ပလွှမ်းမိုးစွက်ဖက် ဩဇာလွှမ်းမိုးမှုမှန်သမျှကို ကြံ့ကြံ့ခိုင်တွန်းလှန်ပြီး ဩဇာအာဏာဘက်ပြိုင်မှုများကြားမှာ ဖြောင့်ဖြောင့်မှန်မှန် ရပ်တည်နိုင်သည့် ဘက်မလိုက်မှုဝါဒကို ခိုင်ခိုင်မြဲမြဲစွဲကိုင်ထားသည့် နိုင်ငံမျိုးများ များလာမှသာ ကမ္ဘာကြီး၏ တည်ငြိမ်အေးချမ်းသာယာမှုကို မှန်ကန်စွာ အထောက်အကူဖြစ်စေမှာဖြစ်ကြောင်း။

ဩဇာလွှမ်းမိုးခြယ်လှယ်

မိမိဩဇာအာဏာပေးနိုင်မည့် လက်ဝေခံနိုင်ငံမျိုးအစား မည်သူ၏ ဩဇာအာဏာကိုမျှ လက်မခံဘဲ ဒေသတွင်းနှင့် နိုင်ငံတကာမှာ အင်အားဘက်ပြိုင်မှုချိန်ခွင်ညှာကို မတိမ်းမစောင်းစေရအောင် ဖြောင့်မှန်စွာ ရပ်တည်နိုင်သည့် နိုင်ငံမျိုးသည်သာ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ရေရှည်အကျိုးကိုဖန်တီးပေးနိုင်မည်ဆိုသည်ကို ယနေ့ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ဩဇာလွှမ်းမိုးခြယ်လှယ်နိုင်ရန် ကြိုးစားလုပ်ဆောင်နေသည့် နိုင်ငံကြီးများအနေနှင့် ရှင်းလင်းစွာသိမြင်သင့်ပြီဖြစ်ကြောင်း။

ယနေ့နိုင်ငံတကာမှာ ပဋိပက္ခများ၊ ပြဿနာများဖြစ်နေသည့် ဒေသတိုင်းကိုကြည့်လျှင် သက်ဆိုင်ရာဒေသများ၏ သမိုင်းကြောင်းအခြေခံများ၊ ပကတိအခြေအနေများကိုလျစ်လျူရှုပြီး ပြည်ပကနေ သူတို့ဖြစ်စေလိုသည့် ဆန္ဒစွဲသက်သက်နှင့် တစ်ဖက်သတ် ဝင်ရောက်စွက်ဖက်ခြယ်လှယ်မှုများကြောင့် ပဋိပက္ခများ၊ ပြဿနာများသည် ပိုမိုကြီးထွားလာရတယ်ဆိုတာ ထင်ထင်ရှားရှား တွေ့မြင်နေရပြီဖြစ်ကြောင်း။

ဖိအားပေးအကျပ်ကိုင်

ယနေ့မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး အနောက်နိုင်ငံအချို့သည် နိုင်ငံတော်အစိုးရ၏ တရားဝင်သတင်းထုတ်ပြန်ချက်များ၊ သမာသမတ်ကျသည့် ပညာရှင်များ၊ သုတေသီများ၏ ဆန်းစစ်သုံးသပ်ချက်များကို လျစ်လျူရှုထားပြီး နိုင်ငံတွင်းက တိုးတက်ဖြစ်ထွန်းမှု ပကတိ အခြေအနေမှန်များကို အမှန်အတိုင်းရှုမြင်နိုင်စွမ်းမရှိသည့် ပြည်ပရောက် တိုင်းတစ်ပါး အထောက်အပံ့ခံ အခွင့်အရေးသမားများ၊ ပြည်ပြေးများ၏ ၎င်းတို့ကိုထောက်ပံ့နေသည့် နိုင်ငံကြီးများအလိုကျ လုပ်ကြံဖန်တီးပေးပို့နေသည့် သတင်းအချက်အလက်ဆိုသည်များ၊ အစီရင်ခံစာ ဆိုသည်တို့ကိုသာ အခြေခံထားပြီး မြန်မာနိုင်ငံအပေါ် မတော်မတရား စွပ်စွဲမှုတွေ၊ နိုင်ငံရေး၊ စီးပွားရေး၊ သံတမန်ရေးအရ ဖိအားပေးအကျပ်ကိုင်မှုများ လုပ်ဆောင်လျက်ရှိနေကြောင်း။

ယင်းသို့ အဝေးကနိုင်ငံကြီးများက မြန်မာနိုင်ငံသည် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုနှင့်လုံခြုံမှုကို ပျက်ပြားစေသည်ဟု စွပ်စွဲလျက်ရှိသော်လည်း မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံများအားလုံးနှင့် ဒေသတွင်း နိုင်ငံများသည် မြန်မာနိုင်ငံအပေါ် စွပ်စွဲမှုမရှိရုံမျှမက မြန်မာနိုင်ငံနှင့် လက်တွဲပြီး ဒေသဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မှုများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်နှင့် ဆောင်ရွက်လျက်ရှိနေသည်ကို လက်တွေ့တွေ့မြင်နိုင်ကြောင်း။

အကျိုးတူဆောင်ရွက်

မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများသည် နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများတိုးမြှင့်မှုများ၊ နယ်စပ်ဒေသများတွင် အထူးဖွံ့ဖြိုးရေးဇုန်များ၊ စက်မှုဇုန်များထူထောင်မှုများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ ပူးပေါင်းထုတ်လုပ်မှုများ၊ ရေအားလျှပ်စစ်စီမံကိန်းများ အကျိုးတူဆောင်ရွက်မှုများကို နှစ်နိုင်ငံချင်းသော်လည်းကောင်း၊ နိုင်ငံအများ ပူးပေါင်း၍သော်လည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့မြန်မာနိုင်ငံမှာသာမက နိုင်ငံတကာမှာပါ ကြုံတွေ့နေရသည့် နယ်စပ်ဖြတ်ကျော်မှုခင်းပြဿနာများ၊ လူကုန်ကူးမှုပြဿနာများ၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုပြဿနာများ၊ တရားမဝင် အလုပ်သမားပြဿနာများ၊ ဒုက္ခသည် အမည်ခံ ပြည်ပသို့ တရားမဝင်ကူးပြောင်းအခြေချမှု ပြဿနာများကိုလည်း မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းပြီး ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံ အပါအဝင် အရှေ့တောင်အာရှ နိုင်ငံအများစုသည် ကိုလိုနီနယ်ချဲ့၏ကျူးကျော်သိမ်းပိုက် အနိုင်ကျင့်အုပ်စိုးမှုကို ခံခဲ့ရသည့် သမိုင်းသင်ခန်းစာများ ကိုယ်စီကိုယ်စီရှိကြကြောင်း။

လေးစားလိုက်နာ

ထို့ကြောင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှု၏ အနှစ်သာရကို စာနာနားလည် သဘောပေါက်ကြသကဲ့သို့ တစ်ဦး၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်မှုကို တစ်ဦးက လေးစားလိုက်နာကြသည့် အစဉ်အလာရှိကြကြောင်း၊ တစ်ဦး၏ ပြည်တွင်းရေးတွင် တစ်ဦးက ဝင်ရောက် စွက်ဖက်လေ့မရှိသကဲ့သို့ တစ်ဦးနှင့်တစ်ဦး လေးစားစွာ တန်းတူရည်တူဆက်ဆံကြပြီး တူညီဆန္ဒဖြင့်သာ ဒေသတွင်းနှင့် နိုင်ငံတကာ အရေးအရာများကို ဆုံးဖြတ်ဆောင်ရွက်လေ့ရှိကြကြောင်း။

ယင်းသို့ အစဉ်အလာကောင်းများ ဖြစ်ထွန်းနေသည့် ဒေသဖြစ်သည့်အပြင် နိုင်ငံတကာဆက်ဆံရေး၏ ပဥ္စသီလဟုခေါ်ဆိုနိုင်သည့်ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ် စတင်သန္ဓေတည်ပေါက်ဖွားရာ ဒေသလည်းဖြစ်သည့် အရှေ့တောင်အာရှနှင့်အာရှနိုင်ငံများကို သီလကျိုးပေါက်အောင် ရည်ရွယ်ချက်ရှိရှိနှင့် နိုင်ငံရေး၊ စီးပွားရေး ဖိအားပေးအကျပ်ကိုင်မှုများ လုပ်ဆောင်နေခြင်းသည် နိုင်ငံတကာအတွက် ကောင်းမြတ်သည့် သာဓကမဟုတ်သကဲ့သို့ မလိုလားအပ်သည့် အစဉ်အလာကိုသာ ဖြစ်ပေါ်စေမှာဖြစ်ကြောင်း။

အသက်ဝိညာဉ်

နိုင်ငံတကာဆက်ဆံရေး နယ်ပယ်မှာ နိုင်ငံအားလုံး တန်းတူညီမျှမှု၊ အပြန်အလှန်လေးစားမှု၊ လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာပိုင်မှု၊ ပြည်တွင်းရေးမှာ စွက်ဖက်ဩဇာပေးခြင်း ကင်းစင်မှု၊ ဖွံ့ဖြိုးရေးအကူအညီများ၊ စီးပွားရေး၊ လူမှုရေး၊ လူသားချင်းစာနာထောက်ထားရေး အကူအညီများ ပေးအပ်ရာမှာ နိုင်ငံရေးအရ စွက်ဖက်ခြင်း၊ စံနှစ်မျိုးထား ခွဲခြားဆက်ဆံခြင်းတို့ ကင်းရှင်းစေမှုတို့သည် နိုင်ငံကြီးငယ်မဟူ လေးစားလိုက်နာရမည့် အပြည်ပြည်ဆိုင်ရာ စံနှုန်းများဖြစ်သကဲ့သို့ ကုလသမဂ္ဂကြီး၏ အသက်ဝိညာဉ်လည်းဖြစ်ကြောင်း။

မြန်မာနိုင်ငံပြည်သူများ အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးက လူသားများအားလုံးသည် နိုင်ငံရေးစွက်ဖက် ခြယ်လှယ်မှုများ၏ ဓားစာခံမဖြစ်သင့်ဘူးဆိုသည်ကိုလည်း လူ့အခွင့်အရေးဆိုပြီး ကြွေးကြော်နေသူတိုင်းက အသိအမှတ်ပြုကြရမှာ အမှန်ပင်ဖြစ်ကြောင်း။

ဝိုင်းဝန်းထိန်းသိမ်း

အပြည်ပြည်ဆိုင်ရာ ကျင့်ဝတ်နှင့် သိက္ခာများ၊ ကုလသမဂ္ဂကြီး၏ မွန်မြတ်မြင့်မားသည့် အခြေခံမူများ၊ အသားအရောင်လူမျိုးဘာသာ အဆင့်အတန်း ကျားမ မခွဲခြားဘဲ လူသားတိုင်း၊ နိုင်ငံတိုင်း၊ လူမျိုးတိုင်း တန်းတူရည်တူရှိမှုဆိုသည့် အပြည်ပြည်ဆိုင်ရာ စံနှုန်းများ မပျက်စီးမယိုယွင်းရအောင် ကမ္ဘာ့နိုင်ငံများအားလုံးက ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ကြရမည့် အချိန်အခါကို ရောက်ရှိနေပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံတိုင်းသည် လွတ်လပ်သောအချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံပီသစွာ သူတစ်ပါးကိုလည်း မနှောင့်ယှက်၊ သူတစ်ပါး၏ နှောင့်ယှက်မှုလည်း ကင်းစင်စွာဖြင့် လွတ်လပ်စွာ ရှင်သန်ဖွံ့ဖြိုးခွင့်ရှိရမှာဖြစ်သကဲ့သို့ မိမိနိုင်ငံ၏ အနာဂတ်ကို မိမိတို့၏အမျိုးသားရေး အကျိုးစီးပွားအဖြစ်ထွန်းနိုင်ဆုံးလမ်းကြောင်းမှန်ပေါ်မှာ လွတ်လပ်စွာ ရွေးချယ်လျှောက်လှမ်းနိုင်ခွင့်လည်း ရှိရမှာဖြစ်ကြောင်း။

အမျိုးသားရေးလမ်းကြောင်းမှန်

အမျိုးသားညီလာခံကြီး အပါအဝင် မြန်မာနိုင်ငံ၏ နိုင်ငံတော်တည်ဆောက်ရေး ကြိုးပမ်းဆောင်ရွက်မှုအဝဝသည် မိမိတို့ပြည်ထောင်စုကြီး ဥမကွဲသိုက်မပျက် အစွန့်ရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးဆိုသည့် အမျိုးသားရေးလမ်းကြောင်း မှန်ပေါ်တွင် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ပေါက်လာရေးအတွက် လမ်းခင်းပေးနေခြင်းဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် ပြည်သူအများ လိုလားတောင့်တသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးဆိုသည့် အမျိုးသားရေး ပန်းတိုင်ကို မရောက်ရောက်အောင် ချီတက်လျှောက်လှမ်းမည် ဆိုသည့် အမျိုးသားရေး သန္နိဋ္ဌာန်ကိုအခိုင်အမာကိုင်စွဲပြီး နိုင်ငံတော်ရှေ့ဆက်လျှောက်လှမ်းရမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ မဆုတ်မနစ် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ကြောင်း။

ရှေ့ဆက်လျှောက်လှမ်းရမည့် ခရီးလမ်းတစ်လျှောက်မှာ ယနေ့ဖြစ်ထွန်းနေသည့် အစဉ်အလာကောင်းနှင့်အညီ ပြည်တွင်းမှာရှိသည့် မိမိတို့ပြည်သူများ၏ စွမ်းအားကိုသာ အခြေပြုပြီး ခိုင်ခိုင်မြဲမြဲ ဆက်လက်လျှောက်လှမ်းသွားမှာ ဖြစ်ကြောင်း။

ဝိုင်းဝန်းကာကွယ်

ယင်းသို့ မိမိနိုင်ငံ မိမိလူမျိုး၏ အနာဂတ်ပြည့်စုံခိုင်မာရေး၊ နိုင်ငံတကာအလယ်တွင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ ပီသစွာ ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်စေရေးတို့အတွက် ပြည်တွင်းပြည်ပ စွက်ဖက်နှောင့်ယှက်ဟန့်တားမှု အဖျက်အမှောင့်အဖုံဖုံကို ရင်ဆိုင်တိုက်ဖျက် ကျော်လွှားရင်း ပြည်သူများ၏ အားကို အခြေပြုပြီး မိမိနိုင်ငံ မိမိတည်ဆောက် ကာကွယ်နေရသည့် အချိန်အခါတွင် ဆရာဆရာမများ အပါအဝင် ပြည်သူများအားလုံးက လည်း မိမိတို့နှင့် မသက်ဆိုင်သကဲ့သို့ လျစ်လျူရှုမနေကြဘဲ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး၏ ဂုဏ်သိက္ခာကို ဝိုင်းဝန်း ကာကွယ်စောင့်ရှောက်မြှင့်တင်ပေးကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

အရှေ့တောင်အာရှနှင့်အာရှနိုင်ငံများကို သီလကျိုးပေါက်အောင် ရည်ရွယ်ချက်ရှိရှိနှင့် နိုင်ငံရေး၊ စီးပွားရေး ဖိအားပေး အကျပ်ကိုင် မှုများ လုပ်ဆောင်နေခြင်းသည် နိုင်ငံတကာ အတွက် ကောင်းမြတ်သည့် သာဓကမဟုတ် သကဲ့သို့ မလိုလားအပ်သည့် အစဉ်အလာကို သာ ဖြစ်ပေါ်စေမှာဖြစ်။

တက္ကသိုလ်၊ ကောလိပ်ဆရာဆရာမများအနေနှင့်လည်း မိမိနိုင်ငံ မိမိလူမျိုး နိုင်ငံတကာအလယ်တွင် အစွန့်ရှည်တည်တံ့ခိုင်မြဲရေးကို ရည်မှန်းပြီး ပြည်သူများ၏ အမျိုးသားရေး အသိအမြင် နိုးကြားခိုင်မာလာစေရန်၊ မိမိနိုင်ငံ မိမိလူမျိုး၏အကျိုးစီးပွားကိုအခါမလပ် ကာကွယ်စောင့်ရှောက် မြှင့်တင်ပေးနိုင်သည့် စွမ်းရည်နှင့် စိတ်ဓာတ် ပြည့်ဝစေရန် အရှိန်အဟုန်နှင့် တိုးတက်ပြောင်းလဲနေသည့် နိုင်ငံတကာဖြစ်စဉ်ကြီးမှာ မိမိတို့နိုင်ငံနှင့်လူမျိုး ယှဉ်တွဲ လိုက်ပါနိုင်စေရအောင် စွမ်းဆောင်ပေးနိုင်မည့် အရည်အသွေးမြင့်မားပြီး ဇာတိသွေး ဇာတိမာန် ရှင်သန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ အင်နှင့်အားနှင့် ပေါ်ထွန်းနေစေရေးအတွက် ပညာရေးကဏ္ဍမှတစ်ဆင့် ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု ပြောကြားလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ–

- **ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို လွတ်လပ်သော အချုပ်အခြာ အာဏာပိုင် နိုင်ငံတစ်နိုင်ငံ ပီသစွာ နိုင်ငံတကာနှင့် ယှဉ်တွဲရပ်တည်နိုင်စေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ပေးနိုင်မည့် အမျိုးသားရေးကိုယ်ခံစွမ်းအားများ ပြည့်ဝခိုင်မာစေရအောင် အမျိုးသားပညာရည်မြင့်မားမှုကို အခြေခံပြီး ကြိုးပမ်းတည်ဆောက်ပေးကြပါ၊**
- **အမျိုးသားရေးမျှော်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး ကြိုးပမ်း ဆောင်ရွက်မှုဖြစ်စဉ်အဆင့်ဆင့် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် ကျရာအခန်းကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြ**ပါဟု ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

သင်တန်းဖွင့်ပွဲ အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် သင်တန်းသား သင်တန်းသူ ဆရာဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါသင်တန်းသို့ တက္ကသိုလ်၊ ကောလိပ်များမှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၈၁၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ဖြစ်သည်။ **(သတင်းစဉ်)**

● ကျောဖုံးမှ

(ဂ) အမေရိကန်နိုင်ငံ၏ လုပ်ဆောင်မှုသည် ယနေ့ကမ္ဘာကြီးသည် နိုင်ငံတစ်နိုင်ငံလို ကူးလူးဆက်ဆံနေသော အချိန်ကာလကို ပြိုကွဲပျက်စီးစေလိုသော ရည်ရွယ်မှုသာ ဖြစ်သည်။

၃။ ထို့ကြောင့် အမေရိကန်အနေဖြင့် ယခုကဲ့သို့ လုပ်ဆောင်ခြင်းသည် ကမ္ဘာ့ကုလသမဂ္ဂကို အသုံးချကာ မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဗိုလ်ကျစွက်ဖက်မှုတစ်ရပ်သာဖြစ်ပြီး ထိုလုပ်ဆောင်ချက်အပေါ် မိမိတို့ တိုင်းရင်းသားအဖွဲ့အစည်းအနေဖြင့် လုံးဝ(လုံးဝ)လက်မခံကြောင်းနှင့် ရှုတ်ချကန့်ကွက်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ဦးမထုနော်
ဥက္ကဋ္ဌ
ကေဒီအေ

✡ ကျောဖုံးမှ

အသိပေးခဲ့

ပြည်ပြေးများနှင့်သောင်းကျန်းသူများ ပူးပေါင်းဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ အမျိုးသားကောင်စီ (NCUB) သည် လက်ကျန်ဗကပယူဂျီများနှင့်ညှိနှိုင်းပြီး ဗကပများရေးဆွဲထားသည့် လူထုတိုက်ပွဲစီမံချက်ကို အကောင်အထည်ဖော်ရန်အတွက် ဗဟိုကော်မတီဖွဲ့စည်းလှုပ်ရှားလျက်ရှိကြောင်း၊ ယင်းကော်မတီ လက်အောက်တွင် ပြည်တွင်းယူဂျီများဖြင့် ဥပဒေအတွင်းတိုက်ပွဲကော်မတီကိုလည်း ဖွဲ့စည်းထားကြောင်း၊ ထိုကော်မတီတွင် မျိုးဆက်သစ်ကျောင်းသား အမည်ခံအုပ်စု၊ ဝါရင့်နိုင်ငံရေးသမားဆိုသူအချို့၊ CRPP အဖွဲ့ဝင်အချို့နှင့် NLD ပါတီဝင်အချို့ ပါဝင်လှုပ်ရှားနေကြောင်း သတင်းများရရှိသဖြင့် စက်တင်ဘာ၂၀ရက်နေ့ထုတ်သတင်းစာများတွင် သတင်းထုတ်ပြန် အသိပေးခဲ့ပြီးဖြစ်သည်။

ခေါ်ယူမေးမြန်း

အဆိုပါသတင်းများအရ ပြည်တွင်း၌ဆူပူအကြမ်းဖက်မှုများ၊ မတည်ငြိမ်မှုများမဖြစ်ပေါ်ရေးအတွက် မျိုးဆက်သစ်ကျောင်းသားအမည်ခံအုပ်စုမှ မင်းကိုနိုင်၊ ကိုကိုကြီးနှင့် ဌေးကြွယ်တို့အား စက်တင်ဘာ ၂၇ ရက်တွင်လည်းကောင်း၊ မင်းဇေယျာနှင့် ပြုံးချိုတို့အား စက်တင်ဘာ ၃၀ ရက်တွင်လည်းကောင်း သက်ဆိုင်ရာက ခေါ်ယူစုံစမ်းမေးမြန်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျန်းမာရေးနှင့် လက်ဖက်စိမ်း

ပါမောက္ခ ဒေါက်တာပိုင်စိုး

ယနေ့ကမ္ဘာပေါ်တွင် သန်းပေါင်းများစွာသောလူတို့သည် ကျန်းမာရေးအတွက် လက်ဖက်ကို နည်းအမျိုးမျိုးဖြင့် စားသုံးလျက်ရှိကြပါသည်။ လက်ဖက်ရွက်ကို လွန်ခဲ့သော နှစ်ပေါင်းငါးသိန်းကျော်ခန့်ကပင် လူသားတို့စတင်သုံးစွဲခဲ့ကြောင်း ရှေးဟောင်းသုတေသန ပညာရှင်များက တွေ့ရှိခဲ့ပါသည်။ ရုက္ခဗေဒဆိုင်ရာ အထောက်အထားများအရ အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့တွင် လက်ဖက်ပင်ကို ပထမဦးဆုံး စတင်စိုက်ပျိုးခဲ့ကြောင်း သိရှိရပါသည်။ လွန်ခဲ့သော နှစ်ထောင်ပေါင်းများစွာကပင် တရုတ်နိုင်ငံသားများ လက်ဖက်ရည်ကြမ်း သောက်သုံးခြင်းကို ရိုးရာတိုင်းရင်းဆေး အနေဖြင့် သုံးစွဲခဲ့ကြပါသည်။

တရုတ်ဧကရာဇ် Shen Nung(ရှန်နန်)လက်ထက်တွင် လက်ဖက်ရည်ကြမ်း သောက်သုံးခြင်းဓလေ့ စတင်ခဲ့သည်ဟု ယူဆကြပါသည်။ တရုတ်ဧကရာဇ်သည် လက်ဖက်ပင်နားတွင် ရေနွေးကျိုနေခိုက် အပင်ပေါ်မှ လက်ဖက်ရွက်ခြောက်များ ရေနွေးအိုးထဲ ပြုတ်ကျရာမှ ပထမဆုံးလက်ဖက်ရည်ကြမ်း (green tea)ကို စတင်တွေ့ရှိခဲ့သည်ဟု ဆိုကြပါသည်။ ကမ္ဘာပေါ်တွင် ကျယ်ပြန့်စွာသုံးစွဲလျက်ရှိသော လက်ဖက်အမျိုးအစားများမှာ–

(၁) လက်ဖက်ခြောက်၊ လက်ဖက်စိမ်း (green tea)
(၂) လက်ဖက်အချိုခြောက် (black tea)နှင့်
(၃) Oolong tea တို့ဖြစ်ကြပါသည်။

မြန်မာနိုင်ငံတွင် အသုံးပြုလျက်ရှိသော လက်ဖက်အမျိုးအစားများမှာ–

(၁) လက်ဖက်ခြောက် [green tea (or) plain tea]
(၂) လက်ဖက်အချိုခြောက်(black tea)
(၃) လက်ဖက်(fermented tea)

ဟူ၍သုံးမျိုး အသုံးပြုလျက်ရှိပါသည်။

လက်ဖက်ခြောက်အစွမ်းထက်ပုံ

လက်ဖက်တွင်ပါဝင်သော polyphenol ဓာတုပစ္စည်းသည် ဓာတ်တိုးခြင်းကို ဆန့်ကျင်သောအစွမ်းသတ္တိ ရှိပါသည်။ ခန္ဓာကိုယ်အတွင်းရှိ cell များကို ပျက်စီးစေတတ်သော free radicals များ၊ လက်ဖက်တွင် ပါဝင်သော polyphenol (EGCG)များက ဖျက်ဆီးနိုင်ခြင်းဖြင့် လူတို့၏ကျန်းမာရေးကို များစွာအထောက်အကူပြုစေပါသည်။ အဆိုပါ free radicals များသည် ခန္ဓာကိုယ်အတွင်း၌ သဘာဝအတိုင်း တွေ့ရသည့်အပြင် ပြင်ပပတ်ဝန်းကျင်ရှိ အဆိပ်အတောက်များ (ခရမ်းလွန် ရောင်ခြည်၊ ဓာတ်ရောင်ခြည်၊ ဆေးလိပ်သောက်ခြင်း၊ လေထုညစ်ညမ်းခြင်း)တို့ကြောင့်လည်း ပိုမိုဖြစ်ပွားစေပါသည်။ polyphenol သည် ကင်ဆာဆဲလ်များ ပွားများမှုကို ဟန့်တားနိုင်ခြင်းနှင့် ကင်ဆာဆဲလ်များကိုလည်း သေစေနိုင်သော အစွမ်းသတ္တိရှိသည်ဟု သုတေသနအချို့တွင် ဖော်ပြထားပါသည်။

လက်ဖက်ခြောက်နှင့် ကျန်းမာရေး

လက်ဖက်ခြောက်၏ ကျန်းမာရေးအတွက် အရေးပါပုံကို အနောက်နိုင်ငံမှ သုတေသီများက ဦးစွာသတိပြုမိခဲ့ကြပါသည်။ ပြင်သစ်နိုင်ငံသားတို့သည် အဆီဓာတ်ကြွယ်ဝသော အစားအစာများ စားသုံးခြင်းနှင့်ဆေးလိပ်သောက်တတ်ခြင်း အလေ့အထရှိသော်လည်း အမေရိကန်နိုင်ငံသားတို့ထက် နှလုံးရောဂါဖြစ်ပွားမှုနှုန်း နည်းပါးကြောင်းကို တွေ့ရှိရပါသည်။ ဤသို့ ဖြစ်ရသည့်အကြောင်းရင်းမှာ ပြင်သစ်နိုင်ငံသားတို့သည် အနီရောင်ရှိသော ဝိုင် Red wine ကို ရိုးရာဓလေ့အဖြစ် သောက်သုံးကြသဖြင့် ၎င်းအနီရောင်ရှိသောဝိုင်တွင် ပါဝင်သော resveratrol ဓာတုပစ္စည်းကြောင့် ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဂျပန်နိုင်ငံတွင် ဆေးလိပ်သောက်သောနှုန်းမှာ ၇၅ ရာခိုင်နှုန်းခန့် ရှိသော်လည်း အမေရိကန်နိုင်ငံထက် နှလုံးရောဂါ ဖြစ်ပွားမှုနှုန်း နည်းပါးကြောင်းကို တွေ့ရှိရပါသည်။ အကြောင်းရင်းမှာ ဂျပန်လူမျိုးတို့သည် လက်ဖက်ရည်ကြမ်းကို နေ့စဉ်မှန်မှန် သောက်သုံးသဖြင့် လက်ဖက်တွင် ပါဝင်သော polyphenol (EGCG) ဓာတုပစ္စည်းသည် ဝိုင်အနီတွင် ပါဝင်သော polyphenol (resveratrol) ထက် အာနိသင်နှစ်ဆ ပို၍ကောင်းကြောင်း တွေ့ရှိရပါသည်။ လက်ဖက်ခြောက် သောက်သုံးခြင်းဖြင့် အောက်ဖော်ပြပါရောဂါများတွင် အကျိုးကျေးဇူးများရရှိကြောင်း သုတေသီအချို့က တင်ပြဆွေးနွေးထားကြပါသည်–

၁။ သွေးကြောမာ/ပိတ်ရောဂါ

လက်ဖက်တွင်ပါဝင်သော polyphenol (catechin) များသည် သွေးကြောပိတ်စေသော အဆီဓာတ်ကို လျော့နည်းစေခြင်းဖြင့် ရောဂါသက်သာ ပျောက်ကင်းစေပါသည်။

- နှလုံးသွေးကြောပိတ်ရောဂါ
- ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ရောဂါ
- လေဖြတ်ခြင်းကို လက်ဖက်ခြောက် သောက်သုံးခြင်းဖြင့် ၈၀ ရာခိုင်နှုန်း ကာကွယ်နိုင်ပါသည်။
- ခြေဖျား၊ လက်ဖျားသွေးကြောပိတ်ရောဂါ

လက်ဖက်တွင်ပါဝင်သော polyphenol သည် အဆီဓာတ်ကို လျော့နည်းစေခြင်းနှင့် ဓာတ်တိုးခြင်းကို ဆန့်ကျင်သောအစွမ်းသတ္တိတို့ကြောင့် သွေးကြောပိတ်ရောဂါကို သက်သာပျောက်ကင်းစေပါသည်။

၂။ သွေးတိုးရောဂါ

သွေးကြောပိတ်စေသော cholesterol အဆီများကို ကျစေခြင်းနှင့် anti-oxidant အာနိသင်ကြောင့် သွေးတိုးရောဂါ ဖြစ်ပွားစေမှုကို ကာကွယ်စေပြီး ဖြစ်ပွားနှုန်းကို ကျဆင်းစေပါသည်။

၃။ သွေးတွင်းအဆီဓာတ်များခြင်း

လက်ဖက်ခြောက်သည် သွေးတွင်းရှိ အဆီများအားလုံးကို ကျစေပြီး ကောင်းသောအဆီ (HDL) ပမာဏကို တိရစ္ဆာန်များတွင်ရော၊ လူများတွင်ပါ တက်စေသည်ဟု သုတေသန ပြုလုပ်တွေ့ရှိထားပါသည်။သွေးတွင်းအဆီဓာတ်များခြင်းကို သက်သာပျောက်ကင်းစေပါသည်။

၄။ ကင်ဆာရောဂါများ

လက်ဖက်ခြောက်ကို ပုံမှန်သောက်သုံးလေ့ရှိသော နိုင်ငံများ (ဥပမာ–ဂျပန်၊ တရုတ်)တွင် ကင်ဆာဖြစ်ပွားနှုန်း အခြားနိုင်ငံများထက် နိမ့်ကျကြောင်း တွေ့ရှိရပါသည်။

တိရစ္ဆာန်များနှင့် လူများအပေါ်တွင် စမ်းသပ်သုတေသန တွေ့ရှိချက်အရ လက်ဖက်ခြောက်၌ ပါဝင်သော Polyphenol သည် ကင်ဆာရောဂါကာကွယ်ရာ၌ အဓိကအရေးပါကြောင်း တွေ့ရှိရပါသည်။ ကင်ဆာဆဲလ်များ ပွားများနှုန်းကိုရပ်စေပြီး ကင်ဆာဆဲလ်များအား ပျက်စီးနိုင်စွမ်းရှိပါသည်။

(၁) အစာအိမ်နှင့်အူလမ်းကြောင်းကင်ဆာရောဂါများ

- ပါးစပ်ကင်ဆာ
- အစာရေမြိုပြွန်ကင်ဆာ
- အစာအိမ်ကင်ဆာ
- အူမကြီးနှင့်အစာဟောင်းအိတ်ကင်ဆာ

သုတေသန ပြုလုပ်တွေ့ရှိချက်များအရ လက်ဖက်စိမ်း သောက်သုံးသူများတွင် အစာအိမ်နှင့်အူလမ်းကြောင်းတွင် ဖြစ်ပွားသော ရောင်ရမ်းမှုကို ကျဆင်းစေပြီး အစာအိမ်အူလမ်းကြောင်း ကင်ဆာများကို ဟန့်တားကာကွယ်နိုင်ကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် ထပ်မံ၍ သုတေသနပြုလုပ်ချက်များ လိုအပ်နေပေသေးသည်။

(၂) ဆီးအိမ်ကင်ဆာ

လက်ဖက်ခြောက် ပုံမှန်သောက်သုံးခြင်းဖြင့် ဆီးအိမ်ကင်ဆာ ဖြစ်ပွားမှုကို ကာကွယ်နိုင်ကြောင်း၊ အမျိုးသမီးများတွင် သုတေသနပြုစမ်းသပ်ချက်များအရ တွေ့ရှိရပါသည်။ ဆီးအိမ်ကင်ဆာ ဖြစ်ပွားနေသော အမျိုးသားများတွင် သုတေသနပြု စမ်းသပ်ချက်အရ လက်ဖက်ခြောက် သောက်သုံးသော လူနာများတွင် ကင်ဆာဆေးကုသမှု ခံယူပြီးနောက် ငါးနှစ် အသက်ဆက်ရှင်နိုင်မှုနှုန်းမှာ လက်ဖက်ခြောက် မသောက်သုံးသော လူနာများထက် ပိုမိုသက်တမ်းရှည်ကြောင်း တွေ့ရှိရပေသည်။

(၃) ဆီးကျိတ်ကင်ဆာ

ဓာတ်ခွဲခန်းတွင် သုတေသနတွေ့ရှိချက်အရ လက်ဖက်စိမ်း အနှစ်သည် ဆီးကြိတ်ကင်ဆာပွားများမှုကို လျော့ကျစေကြောင်း တွေ့ရှိ ရပါသည်။ သို့ရာတွင် ၎င်းသည် ကင်ဆာဆေးကို မတိုးစေသော မျိုးဗီဇများကို ပွားစေနိုင်ပါသည်။

(၄) ပန်ကရိယ ကင်ဆာ

အမျိုးသမီးများတွင် သုတေသနပြုချက်အရ လက်ဖက်ခြောက် ပုံမှန်သောက်သုံးသူများသည် မသောက်သုံးသူများထက် ပန်ကရိယ ကင်ဆာဖြစ်ပွားမှုနှုန်း တစ်ဝက်သက်သာကြောင်း တွေ့ရှိရပါသည်။ အမျိုးသားများတွင်မူ ၃၇ ရာခိုင်နှုန်း သက်သာစေကြောင်းတွေ့ရှိရပါသည်။

(၅) ရင်သားကင်ဆာ

ဓာတ်ခွဲခန်းနှင့် တိရစ္ဆာန်များတွင် သုတေသနပြုစမ်းသပ်ချက်များအရ လက်ဖက်ခြောက်သည် ရင်သားကင်ဆာပွားများမှုကို ဟန့်တားနိုင်ကြောင်း တွေ့ရှိရပါသည်။ ရင်သားကင်ဆာဖြစ်ပွားခါစ လူနာများတွင် လက်ဖက်ခြောက် တစ်နေ့လျှင် အနည်းဆုံးငါးခွက် သောက်သုံးခြင်းဖြင့် ရင်သားကင်ဆာ ကုသမှုခံယူပြီး ပြန်လည်ဖြစ်ပွားနှုန်း လျော့နည်းသွားကြောင်း တွေ့ရှိရပါသည်။

(၆) အရေပြားကင်ဆာ

လက်ဖက်စိမ်းတွင်ပါဝင်သော EGCG သည် ရောင်ရမ်းမှုကို လျော့ကျစေသော အာနိသင်နှင့် anti-cancerအာနိသင်များရှိသည့်အတွက် အရေပြားကင်ဆာဖြစ်ပွားမှုကို ကာကွယ်နိုင်ပါသည်။

(၇) ရှူမတိုက်အဆစ်ရောင်ရောဂါ

တစ်နေ့လျှင် လက်ဖက်ခြောက်သုံးခွက် (၂၄၀ မှ ၃၀၀ မီလီဂရမ် polyphenol) သောက်သုံးသော အမျိုးသားများတွင် အဆစ်ရောင်ရောဂါဖြစ်ပွားမှုနှုန်း နိမ့်ကျကြောင်းတွေ့ရှိရပါသည်။

(၈) အဝလွန်ရောဂါ

လက်ဖက်စိမ်းတွင်ပါဝင်သော EGCG သည် ခန္ဓာကိုယ်ထဲရှိ gastric နှင့် pancreatic lipase အင်ဇိုင်းဓာတ်ပြုမှုကို လျော့ကျစေပါသည်။ ၎င်းအင်ဇိုင်းများသည် ခန္ဓာကိုယ်အတွင်း ကယ်လိုရီများကို အဆီအဖြစ်ပြောင်းလဲရာတွင် ပါဝင်သော အဓိကအင်ဇိုင်းများဖြစ်ပေသည်။ အဆီအဖြစ်ပြောင်းလဲမှုကို လျော့ကျစေခြင်းဖြင့် ခန္ဓာကိုယ်တွင် အဆီဓာတ်စုစည်းမှုမရှိတော့ဘဲ ကိုယ်ခန္ဓာအလေးချိန်ကို လျော့ကျစေပါသည်။

၉။ ဆီးချိုရောဂါ

တိရစ္ဆာန်များအပေါ်တွင် စမ်းသပ်သုတေသနပြုချက်အရ လက်ဖက်စိမ်းသည် Type I diabetes ဖြစ်ပွားမှုကို ကာကွယ်နိုင်ကြောင်း တွေ့ရှိရပါသည်။ လက်ဖက်စိမ်းသည် ခန္ဓာကိုယ်ထဲရှိ သကြားဓာတ်ကို ထိန်းညှိပေးကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် ဆက်လက်၍ သုတေသနပြုလုပ်ရန် လိုအပ်ပါသေးသည်။

၁၀။ အသည်းရောဂါ

ကြွက်ဖြူလေးများပေါ်တွင် သုတေသနတွေ့ရှိချက်မှာ လက်ဖက်စိမ်းသည် အသည်းကင်ဆာဖြစ်ခြင်းမှ ကာကွယ်နိုင်သည်ဟုဆိုပါသည်။ အရက်သောက်ထားသော သူများပေါ်တွင် စမ်းသပ်ချက်အရ အရက်ကြောင့်အသည်းပျက်စီးခြင်းမှ ကာကွယ်နိုင်ကြောင်း တွေ့ရှိရပါသည်။ ယင်းသို့ကာကွယ်ရန် တစ်နေ့လျှင် လက်ဖက်စိမ်း ၁၀ ခွက်သောက်ရန် လိုအပ်ကြောင်း စမ်းသပ်သုတေသနပြုလုပ်ထားပါသည်။

၁၁။ အယ်ဇိုင်းမားရောဂါ

အသက်အရွယ်ကြီးရင့်သူများတွင် ဖြစ်ပွားသော ဦးနှောက်ဆဲလ်များ ပျက်စီးမှုကို လက်ဖက်စိမ်း စားသုံးခြင်းဖြင့် ကာကွယ်နိုင်ပါသည်။

၁၂။ သွား၊ ခံတွင်းနှင့်ဆိုင်သော ရောဂါများ

လက်ဖက်ခြောက် သောက်သုံးခြင်းဖြင့် သွားပိုးစားခြင်း၊ သွားဖုံးရောဂါများဖြစ်ပွားမှုမှ ကာကွယ်နိုင်ပါသည်။ ခံတွင်းအနံ့ဆိုးများကိုလည်း ပျောက်စေနိုင်သော အစွမ်းသတ္တိရှိပါသည်။

သုံးစွဲနိုင်သော လက်ဖက်စိမ်း/လက်ဖက်ခြောက် အမျိုးအစားများ

၁။ လက်ဖက်ခြောက်
လက်ဖက်ရည်ကြမ်း တစ်ပန်းကန်တွင် 50-150 mg polyphenol ဓာတုဒြပ်ပေါင်း ပါဝင်ပါသည်။
၂။ အရွက်မှ ဆေးအနှစ်ထုတ်ယူ အသုံးပြုခြင်း
၃။ ဆေးတောင့် ဆေးရည်များပြုလုပ်၍ အသုံးပြုခြင်း
၄။ ကက်ဖင်းဓာတ်ထုတ်ထားသော လက်ဖက်စိမ်း

၎င်းတွင် polyphenolပါဝင်မှုနှုန်းမှာ ၆၀ ရာခိုင်နှုန်းမှ၈၉ရာခိုင်နှုန်း ရှိသဖြင့် ပိုမိုကောင်းမွန်ပါသည်။

အသုံးပြုပုံ

လူကြီးများတွင် တစ်နေ့လျှင် လက်ဖက်ရည်ပန်းကန် သုံးခွက်သောက်လျှင် 240-320 mg polyphenol ကို ရရှိပါမည်။ 300 မှ 400 mg ရှိသော လက်ဖက်စိမ်းအနှစ်ကိုသောက်လျှင် ရနိုင်ပါသည်။

သောက်သုံးရန် မသင့်သူများ

* ကလေးများ၊
* ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ၊
* ကျောက်ကပ်၊ နှလုံးရောဂါရှိသူများ၊
* အစာအိမ်အနာရှိသူများ။

လက်ဖက်စိမ်းကို လွန်ကဲစွာ သောက်သုံးပါက ၎င်းတွင်ပါဝင်သော ကက်ဖင်းဓာတ်၏ ဘေးထွက်ဆိုးကျိုးဖြစ်သော အိပ်မပျော်၊ ရင်တုန်၊ ခေါင်းကိုက်၊ ပျို့အန်၊ ဝမ်းသွား၊ အစာမစားချင်ခြင်း စသောဝေဒနာများ ခံစားရပါမည်–

အခြားသော ဆေးများနှင့်တွဲသုံးပါက

လက်ဖက်ခြောက်ကို အချို့သော အနောက်တိုင်းဆေးဝါးများနှင့်တွဲ၍ သုံးစွဲလျှင်ရရှိနိုင်သည့် အာနိသင်များကို အောက်တွင် ဖော်ပြထားပါသည်။

ပဋိဇီဝဆေး– ပဋိဇီဝဆေး၏ အာနိသင်ကို ပိုမိုကောင်းမွန်စေပါသည်။

အိပ်ဆေး၊ စိတ်ငြိမ်ဆေးများ– လက်ဖက်တွင် ကက်ဖင်းဓာတ်ပါဝင်သောကြောင့် ၎င်းဆေးများ၏ အိပ်ပျော်စေသည့် အာနိသင်ကို ကျဆင်းစေပါသည်။

ကင်ဆာကုသဆေးများ– Duxorubicinနှင့် Tamoxifenဆေးတို့၏ အာနိသင်များကို ပိုမိုကောင်းမွန်စေပါသည်။

ပဋိသန္ဓေတားဆေးများ– ကက်ဖင်း၏ အာနိသင်ပိုမိုကြာရှည်စေသည့်အတွက် ရင်တုန်ခြင်း၊ အိပ်မပျော်ခြင်းတို့ ဖြစ်နိုင်ပါသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

စက်တင်ဘာ ၃၀ ရက်က ရန်ကုန် မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရွာမ ပရိယတ္တိ စာသင်တိုက် ဘုန်းတော်ကြီးကျောင်းတွင် မြို့နယ် သံဃာ့ဝန်ဆောင် ဆဋ္ဌမ နှစ်ပတ်လည် အစည်းအဝေး ကျင်းပစဉ်။

(မြို့နယ် ပြန်/ဆက်)

ဦးတင်လှိုင် (၈၃)နှစ်ပြည့်မွေးနေ့ အလှူအဖြစ် ရန်ကုန်မြို့ သုဝဏ္ဏ စရည်းပင်လမ်းသွယ် အမှတ် ၂၃၃ နေ သားသမီးမြေးတစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော် ငွေကျပ် တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ)ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မန္တလေးတိုင်းတွင် စပါးတင်း ၉၇၇ သိန်းထွက်ရှိရေးကြိုးပမ်း သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ စနစ်တကျသုံးစွဲ ကော်ဖီပင်ကို စီမံကိန်းဝင်အဖြစ်အောင်မြင်အောင်စိုက်ပျိုး

ရန်ကုန် အောက်တိုဘာ ၂

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၆ခုနှစ် ဒုတိယလေးလပတ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၂၅ ရက် နံနက် ၈နာရီခွဲက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်အမှာစကား ပြောကြားသည်။(ယာပုံ)

ရှေးဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားရာတွင် ၂၀၀၅-၂၀၀၆ခုနှစ်သည် စတုတ္ထငါးနှစ် စီမံကိန်း၏ ပထမနှစ်ဖြစ်၍ စိုက်ပျိုးရေးကဏ္ဍတွင် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ လက်မှုလယ်ယာမှစက်မှုလယ်ယာသို့ကူးပြောင်းရေးအတွက် သက်ဆိုင်ရာ ဌာနအလိုက် ရည်မှန်းချက် အောင်မြင်အောင် ကြိုးပမ်း ဆောင်ရွက်ရန်နှင့် လျော့နည်းလေလွင့်မှု မရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန် လိုကြောင်း၊ စပါးစိုက်ပျိုးရေး ကဏ္ဍတွင် ထပ်မံတိုးပွားလာမည့် လူဦးရေအား မျှော်မှန်းတွက်ဆ၍ စိုက်ပျိုးမြေ တိုးချဲ့ စိုက်ပျိုးရေးအတွက် မြေစာရင်း၊ စိုက်ပျိုးရေးဌာနနှင့် တာဝန်ရှိသူများ ညှိနှိုင်း ဆောင်ရွက်ကြရန်၊ ၂၀၀၆-၂၀၀၇ခုနှစ်တွင် မန္တလေးတိုင်းအနေဖြင့် စပါးတင်း ၉၇၇သိန်း ထွက်ရှိရေး ဆောင်ရွက်ရန်၊ နွေစပါးဧက နှစ်သိန်း၊ မိုးစပါးဧက ၁၀သိန်းထိ တိုးချဲ့စိုက်ပျိုးရာတွင် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများကို တောင်သူများ ယုံယုံကြည်ကြည်ဖြင့် စနစ်တကျ သုံးစွဲနိုင်ရေးကို တာဝန်ရှိသူများက ပညာပေးစည်းရုံး၊ စိုက်ပျိုးမြေတိုးချဲ့ဖော်ထုတ်ဆောင်ရွက်ရေးနှင့် စိုက်ပျိုးရေ လုံလောက်စွာရရှိရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်လိုကြောင်း၊ မိုးကုတ်ဒေသနှင့် ပြင်ဦးလွင်ဒေသတွင် ရော်ဘာပင်အား အောင်မြင်စွာ စိုက်ပျိုးသွားရန်၊ နိုင်ငံတော်မှ သတ်မှတ်ပေးထားသော ကော်ဖီပင်အား စီမံကိန်းဝင်အဖြစ် ပြင်ဦးလွင်ဒေသနှင့် မိုးကုတ်ဒေသများတွင် အောင်မြင်စွာ စိုက်ပျိုးသွားရန်၊ ဆက်လက်၍ မိုးကုတ်ဒေသတွင် လက်ဖက်နှင့် ငရုတ်ကောင်းကိုလည်း လက်ရှိခြံများကို ပြန်လည်ပြုပြင်၍ အောင်မြင်အောင် စိုက်ပျိုးရန်၊ စက်သုံးဆီအစားထိုး ရရှိရေးအတွက် ဘိုင်အိုဒီဇယ်(ကြက်ဆူဆီ) ထုတ်လုပ်နိုင်ရန် ခြံစည်းရိုး ကြက်ဆူ စိုက်ပျိုးမှုကို ရည်မှန်းချက်ပြည့်မီကျော် လွန်အောင် အင်တိုက်အားတိုက် စိုက်ပျိုးကြရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မန္တလေးခရိုင်နှင့် ပြင်ဦးလွင်ခရိုင်တို့မှ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက ၂၀၀၆ ခုနှစ် ဒုတိယ လေးလပတ်အတွင်း ဆောင်ရွက်ချက်များနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ဖြည့်စွက် မှာကြားသည်။

မှာကြားဖြည့်ဆည်း

ထို့နောက် ကျောက်ဆည်ခရိုင်မှ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်များအလိုက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ အခြေအနေများကို လုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းမှာကြားသည်။

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၆ခုနှစ် ဒုတိယလေးလပတ် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ဒုတိယနေ့ကို စက်တင်ဘာ ၂၆ ရက် နံနက် ၈နာရီက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေး ခန်းမ၌ ဆက်လက်ကျင်းပရာ အစီအစဉ်အရ မိတ္ထီလာခရိုင်၊ မြင်းခြံခရိုင်၊ ရမည်းသင်းခရိုင်၊ ပျဉ်းမနားခရိုင်၊ ညောင်ဦးခရိုင်တို့မှ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများက ၂၀၀၆ ခုနှစ် ဒုတိယလေးလပတ်အတွင်း ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ ဖြည့်ဆည်း မှာကြားသည်။

ထို့နောက် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းတိုင်းမန်နေဂျာ၊ တိုင်းမြေစာရင်း ဦးစီးဌာနမှူး၊ တိုင်း ဆည်မြောင်း ဦးစီးဌာန ညွှန်ကြားရေးမှူး၊ တိုင်းရေ အရင်းအမြစ်အသုံးချရေးဦးစီးဌာနမှူး၊ တိုင်းစီမံကိန်းရေးဆွဲရေး ဦးစီးဌာနမှူး၊ တရားရုံးချုပ် (မန္တလေး)မှ ညွှန်ကြား ရေးမှူးနှင့် ရှေ့နေချုပ်ရုံးခွဲ (မန္တလေး) တို့မှ ညွှန်ကြားရေးမှူးတို့က သက်ဆိုင်ရာ ဌာနများအလိုက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းပေး

ဆက်လက်၍ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က မန္တလေးမြို့တော်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ၊ မြို့တော်စည်ပင်သာယာ ဖွံ့ဖြိုးရေးနှင့် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သိရသည်။

(သတင်းစဉ်)

မြောက်ဦးမြို့နယ်အသင်း ဘုံကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၂

မြောက်ဦးမြို့နယ် အသင်း (ရန်ကုန်) ဘုံကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲကို အောက်တိုဘာ ၁၄ ရက် (သီတင်းကျွတ်လပြည့်ကျော် ၈ရက်) စနေနေ့ နံနက် ၈နာရီတွင် ဗဟန်းမြို့နယ် ဦးထောင်ဗိုလ်လမ်း ဓညဝတီ သာသနာပြု ကျောင်းတိုက်၌ ကျင်းပမည် ဖြစ်သည်။ အသင်းဝင်သည် ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ကြွရောက်လှူဒါန်းနိုင်ကြောင်းနှင့် တက်ရောက်လာသူများအား နံနက်စာဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်သည်။ **(က-ပ)**

မိတ္ထီလာမိုးကုတ်ရိပ်သာ ကထိန်ပွဲနှင့်ခန္ဓာဝန်ချပွဲ

ရန်ကုန် အောက်တိုဘာ ၂

မန္တလေးတိုင်း မိတ္ထီလာမြို့ ကံဦးရပ် ကြည်ကုန်းနယ်မြေ ကျောင်းသစ်ကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲအမှတ်(၁၂၉)၏ နှစ်စဉ်ကျင်းပသော ကထိန်ပွဲနှင့် မိုးကုတ်ဆရာတော်ကြီး၏ ခန္ဓာဝန်ချပူဇော်ပွဲကို သီတင်းကျွတ်လပြည့်ကျော်၄ရက်တွင် ကျင်းပမည်ဖြစ်ပြီး ယင်းပွဲ၌ ရိပ်သာပဓာန နာယကကျောင်းသစ်ကျောင်း ဆရာတော်ဘဒ္ဒန္တပညာစာရ(ကမ္မဋ္ဌာနာစရိယ)က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည် ဖြစ်ပြီး လှူဒါန်းလိုသူများ ဖုန်း ၀၆၄-၂၄၁၆၅သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

အချုပ်အားဖြင့်ဆိုရလျှင် လက်ဖက်ခြောက်ကောင်း တစ်ခွက်ရရှိရန်အတွက် အဓိက အရေးကြီးသောအချက်မှာ ထုတ်လုပ်ပုံနည်းစနစ်သည် အရေးကြီးဆုံး ဖြစ်ပါသည်။ ထို့ကြောင့် လက်ဖက်ခြောက်ရရှိရန် လက်ဖက်ရွက်အား ရေနွေးငွေ့ဖြင့် အချိန်အနည်းငယ်သာ ပေါင်းခံ၍ နေလှန်းကာ အပူပေးခြင်းဖြင့် သောက်သုံးရန် ကောင်းမွန်သော လက်ဖက်ခြောက်ကို ရရှိမည်ဖြစ်ပါသည်။ ထိုနေရာတွင် အရေးကြီးသည်မှာ လက်ဖက်ရွက်မှာ အချဉ်မဖောက်မိစေရန် ဖြစ်ပါသည်။ လက်ဖက်ရည်ကြမ်းသည် ရှေးနှစ်ပေါင်းများစွာကတည်းက လူသားများ နေ့စဉ်သုံးစွဲကြပါသည်။ ယင်းနှင့်ပတ်သက်၍ ရရှိနိုင်သော ကျန်းမာရေးအကျိုးကျေးဇူးများကို အထက်တွင်ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင် လက်ဖက်ခြောက်နှင့် ပတ်သက်၍ ရရှိနိုင်သော အချို့သော ဘေးထွက်ဆိုးကျိုးများကိုလည်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ကောင်းမွန်သော ကျန်းမာရေး အမူအကျင့်များဖြစ်သည့်-

- **ဆေးရွက်ကြီးနှင့်ဆေးလိပ်ကိုသောက်သုံးခြင်းမှ ရှောင်ကြဉ်ခြင်း**
- **အဆီနှင့်အငန် လျှော့စားခြင်း**
- **အရောင်မျိုးစုံလင်သော ဟင်းသီးဟင်းရွက် အသီးအနှံအမျိုးမျိုး စားသုံးခြင်း**
- **နေ့စဉ်မှန်မှန် နာရီဝက်ခန့် ကိုယ်လက်လှုပ်ရှား အားကစားတစ်ခုခုကို ပြုလုပ်ခြင်းနှင့်**
- **လက်ဖက်ရည်ကြမ်း နေ့စဉ်သောက်သုံးခြင်း** တို့သည်

ဗီတာမင်အားဆေးနှင့် အခြားသောဆေးတို့ကို မှီဝဲရသည့် အကုန်အကျမျိုး မရှိဘဲ ရောဂါဘယကင်းဝေးပြီး အသက်ရှည်စွာ နေထိုင်သွားနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် အရုဏ်ဆွမ်းဆက်ကပ်

ရန်ကုန် အောက်တိုဘာ ၂

(၄၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် သံဃာတော် ၁၀ ပါးတို့အား အရုဏ်ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲနှင့် တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၁ ရက် နံနက် ၈နာရီခွဲက ရန်ကုန်မြို့ မှုခင်းတပ်ဖွဲ့ သင်တန်းခန်းမ၌ ကျင်းပရာ မှုခင်းတပ်ဖွဲ့မှူး ရဲမှူးချုပ်ခင်မောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တာဝန်ရှိသူများက မှုခင်းဖော်ထုတ်မှု စွမ်းရည်ပြည့်ဝသော တပ်ဖွဲ့ဝင်များ၊ စံပြရဲနှင့် ရဲကျင့်ဝတ်ဆုရ တပ်ဖွဲ့ဝင်များ၊ ရဲလုပ်ငန်းစွမ်းရည်ဆုရ တပ်ဖွဲ့ဝင်များ၊ ၂၀၀၅-၂၀၀၆ခု ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ကြသော တပ်ဖွဲ့ဝင်များ၏ သားသမီး စုစုပေါင်း ၁၅၄ ဦးတို့အား ဂုဏ်ပြုဆုငွေကျပ် ၇၆၂၀၀၀ နှင့် မှုခင်းတပ်ဖွဲ့မှူး၏ နာမည်ကောင်း လက်မှတ်များကို ပေးအပ်ကြကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

ကိုယ်ပွားသတင်းစာတိုက်ကျိုင်းတုံ၌ ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် အောက်တိုဘာ ၂

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် ကျိုင်းတုံဝန်ထမ်းများစုပေါင်း၍ စက်တင်ဘာ ၃၀ ရက် နံနက် ၁၀နာရီက ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ကိုယ်ပွားသတင်းစာတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ ကျိုင်းတုံမြို့ စိန်ပန်းကျောင်းတိုက် ဆရာတော် သာသနတက္ကသီလ ဓမ္မာစရိယဘဒ္ဒန္တဉာဏိန္ဒ ဦးဆောင်သည့် သံဃာတော် ငါးပါးကြွရောက်ကာ အန္တရာယ်ကင်းပရိတ်တော်များ ချီးမြှင့်ပြီးနောက် ဒုတိယညွှန်ကြားရေးမှူး(စီမံ)ဦးမြလှိုင်၊ တာဝန်ခံအရာရှိ ဦးထင်ကျော်နှင့် ဝန်ထမ်းများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းပြီးနောက် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ **(က-ပ)**

ဝန်ထမ်းများ လုပ်ငန်းတာဝန်ကို ပိုမိုနက်ရှိုင်းကျယ်ပြန့်စွာ လုပ်ကိုင်နိုင်မှုတွေ့ရ နိုင်ငံတော်၏ မီဒီယာတာဝန် ပီပီပြင်ပြင်ဆောင်ရွက်နိုင်၍ အရည်အသွေးမြင့်မား စာပေ၊ ဂီတ၊ ရုပ်ရှင်အဖွဲ့အစည်းများနှင့် တစ်စိတ်တည်းတစ်ဝမ်းတည်းပူးပေါင်း

အမျိုးသားအကျိုးစီးပွားကို မီဒီယာဖြင့် အကောင်အထည်ဖော်

နေပြည်တော် အောက်တိုဘာ ၂

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၀၆ခုနှစ် ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ၂၀၀၅-၂၀၀၆ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမကြီးနှင့် ဝန်ကြီးရုံး အစည်းအဝေးခန်းမတို့၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုရရှိကြသော ဝန်ထမ်းသားသမီး၊ ကျောင်းသား ကျောင်းသူများအား ပညာရည်ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါအခမ်းအနားနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အထွေထွေမန်နေဂျာနှင့် ညွှန်ကြားရေးမှူးများ၊ စာတည်းမှူးချုပ်များ၊ ရုံးအဖွဲ့မှူး၊ ပြည်နယ်၊ တိုင်းနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့မှ ဦးစီးအရာရှိများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဝန်ထမ်းများနှင့် ဆုရဝန်ထမ်း သားသမီး ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဝန်ထမ်းသားသမီးများအား ပညာရည်ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာန၏ လုပ်ငန်းများ အောင်မြင်ရန်မှာ တစ်ဦးတစ်ယောက်တည်း၊ ဌာနတစ်ခုတည်း စွမ်းဆောင်နိုင်မည် မဟုတ်ကြောင်း၊ ဝန်ထမ်းအားလုံး၊ ဌာနအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း။

ထို့အတူ ဝန်ကြီးဌာနများအားလုံးနှင့် နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသားအားလုံး ပူးပေါင်းလက်တွဲ၍ မိမိတို့၏ လုပ်ငန်းတာဝန်များကို တက်ညီလက်ညီ ဆောင်ရွက်ကြမှသာလျှင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

ထိုသို့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှသာ ရေမြင့်လျှင် ကြာတင့်သည် ဆိုသကဲ့သို့ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးသည်လည်း လူနေမှုအဆင့်အတန်း တိုးတက်လာမည်ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်၏ အခြေအနေမှာ မည်သည့်ခေတ်ကာလနှင့်မျှ မတူအောင် ဖွံ့ဖြိုးတိုးတက်နေပြီး တည်ငြိမ်အေးချမ်းမှုများ ရရှိနေပြီဖြစ်သည်ကို အားလုံး အသိပင်ဖြစ်ကြောင်း၊ မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများသည်လည်း မိမိတို့၏ လုပ်ငန်းတာဝန်များကို ပိုမိုနက်ရှိုင်းကျယ်ပြန့်စွာ ဆောင်ရွက်လာနိုင်သည်ကို တွေ့ရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်၏ မီဒီယာတာဝန်များကို ပီပီပြင်ပြင် ဆောင်ရွက်လာနိုင်ပြီး ဝန်ထမ်းများ၏ အရည်အသွေး တိုးတက်မြင့်မားလာသည်ကို တွေ့ရကြောင်း၊ ကျေးလက်နေပြည်သူများ အသိပညာမြင့်မားတိုးတက်စေရေးအတွက် စေတနာရှင်ပြည်သူများနှင့် လက်တွဲ၍ စာကြည့်တိုက်ပေါင်း ၅၄၇၀၇ခုကို ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း။

ထို့အတူ ပြည်သူများအတွက် အသိပညာပေးမှုနှင့် ဖျော်ဖြေမှုပေးသော မြန်မာ့ရုပ်မြင်သံကြားလိုင်းများကို တိုးချဲ့ထုတ်လွှင့်ပေးနိုင်ခဲ့ပြီး စာပေ၊ ဂီတ၊ ရုပ်ရှင်အဖွဲ့အစည်းများနှင့် တစ်စိတ်တည်းတစ်ဝမ်းတည်း ပူးပေါင်း၍ အမျိုးသားအကျိုးစီးပွားကို မီဒီယာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းတို့မှာ မိမိတို့ ဝန်ကြီးဌာန၏ သိသာထင်ရှားသော ဆောင်ရွက်နိုင်ခဲ့မှုများပင် ဖြစ်ကြောင်း၊ မိမိတို့ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် နိုင်ငံတော်က ချမှတ်ထားသော မူဝါဒ၊ စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများကို အပြည့်အဝ လိုက်နာကြရမည် ဖြစ်ကြောင်း၊ ဝန်ထမ်းတစ်ဦးချင်းအနေဖြင့် မိမိဘဝ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်သကဲ့သို့ နိုင်ငံတော်နှင့် ဝန်ကြီးဌာန အကျိုးကိုလည်း ဦးတည်ဆောင်ရွက်ခြင်းဖြင့် အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သည့် ဝန်ထမ်းများဖြစ်အောင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း။

ယနေ့ ပညာရည် ထူးချွန်ဆုရရှိကြသော ဝန်ထမ်းသားသမီး ကျောင်းသားကျောင်းသူများသည်လည်း ယနေ့လူငယ် နောင်ဝယ်အင်အားများဖြစ်အောင်၊ နိုင်ငံတော်က အားထားရသော အရည်အချင်းပြည့်ဝသည့် ပညာရှင်များဖြစ်အောင် ဆက်လက်ကြိုးစားအားထုတ်သွားကြရန် အလေးထားမှာကြားလိုကြောင်း၊ မိမိတို့၏ အားထုတ်ကြိုးပမ်းအောင်မြင်မှုကို အားပေးချီးမြှင့်သည့် သဘောဖြင့် ယခုကဲ့သို့ ပညာရည်ချွန်ဆုချီးမြှင့်ခြင်းကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ မိဘများအနေဖြင့်လည်း မိမိတို့သားသမီးများ၏ ပညာရည် ထူးချွန်ထက်မြက်စေရေးအတွက် ကြပ်မတ် ထိန်းသိမ်းဆောင်ရွက်သွား ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၅-၂၀၀၆ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီး ငါး ဦးတို့အား ဆုများကိုပေးအပ်ချီးမြှင့်သည်။

ဆုများချီးမြှင့်

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော ဝန်ထမ်းသားသမီး တစ်ဦးနှင့် လေးဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်း သားသမီး ခြောက်ဦးတို့အားလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က သုံးဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီးသုံးဦးတို့အား လည်းကောင်း၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက နှစ်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီးကိုးဦးတို့အား လည်းကောင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးဝင်းကတစ်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီးခြောက်ဦးတို့အားလည်းကောင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး အောင်မျိုးမြင့်က တစ်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီး ခြောက်ဦးတို့အားလည်းကောင်း ဆုများ

ပြန်ကြားရေးဝန်ကြီးဌာန ၂၀၀၆ခုနှစ် ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ကို အသီးသီးပေးအပ် ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့အခမ်းအနားတွင် ၂၀၀၅-၂၀၀၆ ခုပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ဝန်ထမ်း သားသမီးများဖြစ်ကြသည့် ခြောက်ဘာသာဂုဏ်ထူးရှင် ငါးဦး၊ ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင်ခြောက်ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင်သုံးဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင်ကိုးဦးနှင့် တစ်ဘာသာ ဂုဏ်ထူးရှင် ၁၂ ဦး စုစုပေါင်း ၃၆ ဦးတို့အား ဆုများကို ပေးအပ်ချီးမြှင့်နိုင်ခဲ့သည်။

သုံးသပ်ဆွေးနွေး

ယင်းနောက် ပြန်ကြားရေး ဝန်ကြီးဌာန၏ ၂၀၀၆ခုနှစ် ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းနှင့် စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ဌာနခွဲတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများက လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို တင်ပြကြ၍ တင်ပြဆွေးနွေးချက်များအပေါ် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြန်လည်သုံးသပ် ဆွေးနွေးကာ နိဂုံးချုပ် အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၃-၁၀-၂၀၀၆
(အင်္ဂါနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၂၀ ၃။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၇:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၅။ မြန်မာရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၂၅ ၇။ ပညာခေတ်
၅:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၃။ လျှပ်တစ်ပြက်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၆၁)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ **သံဃာ့ဂုဏ်ရည်မြတ်လယ်တီ** -နေမင်းကြီးတစ်ဆူ ဝင်တော်မူခြင်း
၁၈။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြိုင်ဟောဝန်က သိုင်းလုလင်"** (ဒုတိယတွဲ) (အပိုင်း-၂၈)

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောက်တိုဘာ ၁၉ ရက်မှစ၍ကျင်းပမည် ကျောက်မျက်လုပ်ငန်းရှင်များတက်ရောက်နိုင်

ရန်ကုန် အောက်တိုဘာ ၂

၂၀၀၆ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာ ၁၉ရက်မှစ၍ ရန်ကုန်မြို့ရှိ မြန်မာ့ကျောက်မျက်ရတနာပြပွဲခန်းမနှင့် မြန်မာကွန်ဗင်းရှင်းစင်တာတို့၌ ကျင်းပမည်ဖြစ်သည်။

မြန်မာ့ကျောက်မျက်ရတနာ နည်းဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသား လုပ်ငန်းရှင်များနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်သည်။

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်လိုသူများသည် အောက်တိုဘာ ၃ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း မြန်မာ့ကျောက်မျက်ရတနာခန်းမနှင့် မြန်မာကွန်ဗင်းရှင်းစင်တာတို့၌ ဖွင့်လှစ်ထားသည့် စီမံရေးရာဆပ်ကော်မတီရုံးအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြေညာထားသည်။

(သတင်းစဉ်)

ကမ္ဘာတစ်လွှား အားကစား

နာမည်ကြီး ရီးရဲမက်ဒရစ်အသင်း အိမ်ကွင်းသရေပွဲဖြစ်ခဲ့ရသည့် လာလီဂါပွဲစဉ်(၅)

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

မက်ဒရစ် အောက်တိုဘာ ၂

စပိန်လာလီဂါပွဲစဉ်(၅) ကိုအောက်တိုဘာ ၁ရက်က ဆက်လက်ကစားရာ နာမည်ကြီးရီးရဲမက်ဒရစ်တို့ အိမ်ကွင်း၌ သရေကျပြီး ဗီလာရီးရဲနှင့် ဒီပို့တီဗိုတို့ နိုင်ပွဲများ ရရှိခဲ့ကြသည်။

ရီးရဲမက်ဒရစ်နှင့် အက်သလက်တီကို တို့ပွဲတွင် ရီးရဲမက်ဒရစ်မှ ဒေးဗစ်ဘက်ဟမ်း (လယ်)**က အက်သလက်တီကိုမှ အာဂွီရို ထိုးဖောက်မှုကို ဟန့်တားစဉ်။** (ဓာတ်ပုံ-အင်တာနက်)

ရီးရဲမက်ဒရစ်နှင့် အက်သလက်တီကို

ရီးရဲမက်ဒရစ်တို့ အိမ်ကွင်း၌ ဒုတိယ မြောက် သရေပွဲ ကြုံခဲ့ရသည်။ နစ္စတယ်ရွိုင်း၊ ရာအူးလ်နှင့်ဂူတီတို့ တိုက်စစ် အတွဲက အက်သလက်တီကို နောက်တန်းကို စိတ်တိုင်းကျ ထိုးဖောက်ကစားနိုင်စွမ်း မရှိခဲ့ချေ။

အခွင့်အရေးနည်း

အက်သလက်တီကို နောက်တန်းမှ ပါအလို၊ ပီရေးရာ၊ ပါနီရာနှင့် စီတာရီဒတ်တို့က ဟန့်တားပိတ်ဆို့ကစားခဲ့မှုကြောင့် ရီးရဲမက်ဒရစ် တိုက်စစ်မှူးများ အပိုင်ကန်သွင်းခွင့် အခွင့်အရေးအနည်းငယ်သာ ရရှိခဲ့သည်။

ချေပဂိုးသွင်းယူ

ဧည့်သည်အက်သလက်တီကိုတိုက်စစ်မှူး ကောရတ်စ်နှင့် မီရွယ်မစ်ကာတို့က ပွဲစသည်နှင့် ထိုးဖောက်ကစားခဲ့မှုကြောင့် ပွဲအစ ခြောက်မိနစ်မှာပင် အက်သလက်တီကို တိုက်စစ်မှူး မီရွယ်မစ်တာက အဖွင့်ဂိုးသွင်းယူလိုက်နိုင်သည်။ ရီးရဲမက်ဒရစ်တိုက်စစ်မှူးများက ချေပဂိုးသွင်းယူနိုင်ရေး အပြင်းအထန်ကြိုးစားခဲ့မှုကြောင့် ပွဲချိန် ၃၇မိနစ်တွင် ရာအူးလ်က ချေပဂိုး သွင်းယူနိုင်ခဲ့သည်။

ထပ်မံမသွင်းနိုင်

ရီးရဲမက်ဒရစ်တို့ အနိုင်ဂိုးသွင်းယူနိုင်ရေးအတွက် ရေးယက်စ်အစားဘာရာဗို၊ ဂူတီအစားဒေးဗစ်ဘက်ဟမ်း၊နစ္စတယ်ရွိုင်းအစားရိုနယ်ဒိုတို့ဝင်ရောက်ကစားခဲ့သော်လည်း အနိုင်ဂိုး ထပ်မံမသွင်းနိုင်သဖြင့် တစ်ဂိုးစီသရေပွဲ ဖြစ်ခဲ့ရခြင်းဖြစ်သည်။ ရီးရဲမက်ဒရစ်သည် ယခုပွဲ သရေဖြစ်ခဲ့သဖြင့်တန်းစီဇယား အဆင့်လေး၌ ရပ်တည်နေသည်။

မာလော့ကာနှင့်ဗီလာရီးရဲ

ဗီလာရီးရဲတို့ အဝေးကွင်း၌ ပထမဆုံးနိုင်ပွဲပင် ဖြစ်သည်။ ဗီလာရီးရဲသည် မာလော့ကာ ကွင်း၌ ကစားရသော်လည်းရသည့် အခွင့်အရေးကို အကျိုးရှိစွာ အသုံးချနိုင်ခဲ့မှုကြောင့် အနိုင်ဂိုးများသွင်းယူနိုင်ခဲ့ ခြင်း ဖြစ်သည်။

နှစ်ဂိုးပြတ်

ဗီလာရီးရဲအတွက် မန်ယူတိုက်စစ်မှူးဟောင်းဒီရိုဖော်လန်က ပွဲချိန်၂၁မိနစ်နှင့် ၂၅မိနစ်တို့တွင် တစ်ဦးတည်းနှစ်ဂိုးဆက်တိုက် သွင်းယူနိုင်ခဲ့သဖြင့် ပထမပိုင်း၌ ဗီလာရီးရဲတို့ နှစ်ဂိုးပြတ်အနိုင်ရနေသည်။

မာလော့ကာ၏ ချေပဂိုးကို ပွဲချိန် ၅၈မိနစ်၌ ဂျန်ကိုဗစ်က သွင်းယူပေးခဲ့သဖြင့် အိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် မာလော့ကာတို့ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ဗီလာရီးရဲလာသည် ယခုပွဲ အနိုင်ရရှိခဲ့သဖြင့် တန်းစီဇယား အဆင့် ၁၀၌ ရှိနေပြီး မာလော့ကာမှာ အဆင့် ၁၅၌ ရှိနေသည်။

ဒီပို့တီဗိုနှင့် ရီးရဲဆိုစီဒက်

အိမ်ကွင်း၌ ရှုံးပွဲ မရှိသေးသော ဒီပို့တီဗိုတို့ နိုင်ပွဲဆက်တိုက်ယူနိုင်ခဲ့သည်။ အိမ်ကွင်း၌ မာမာတင်းတင်း ကစားတတ်သော ဒီပို့တီဗိုတို့ ရီးရဲဆိုစီဒက်ကို ပထမပိုင်း ပွဲချိန်များ၌ ဂိုးမသွင်းနိုင်ဘဲ ဖြစ်ခဲ့ရသည်။

ဒီပို့တီဗို တိုက်စစ်မှူး ရစ်ကီနှင့် အာရစ်ဇ်မင်ဒီတို့ ရီးရဲ ဆိုစီဒက် နောက်တန်းကို ကျော်ဖြတ်ပြီး ဂိုးသွင်းနိုင်ရန် ကြိုးစားသော်လည်း အပိုင်ကန်သွင်းခွင့် ငါးကြိမ်သာရရှိခဲ့သည်။ ဒီပို့တီဗိုအတွက် အဖွင့်ဂိုးကို ပွဲချိန် ၈၃မိနစ်ကျမှသာ နောက်ခံလူ ဘာရာဂမ်းက တစ်ဂိုးနှင့် ၈၈မိနစ်တွင်တိုက်စစ်မှူးရစ်ကီကတစ်ဂိုး သွင်းယူခဲ့သဖြင့် နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဒီပို့တီဗို ယခုပွဲ အနိုင်ရရှိသဖြင့် တန်းစီဇယား အဆင့်ခြောက်နေရာတွင် ရှိနေသည်။ ။

အခြားပွဲရလဒ်များ

ရေဆင်း	၁ - ၁	ဆဲလ်တာဗီဂို
ဗလင်စီယာ	၄ - ၀	ဂျင်နက်စတစ်
အက်ပန်ညို	၀ - ၀	အိုဆာဆူနာ
အက်ဖ်စီဆီဗီလာ	၁ - ၀	ဂီတာဖေး
ရီးရဲဇာရာဂိုဇာ	၂ - ၂	လီဗန်တေး
ရီခရီယေးဗို	၂ - ၀	ရီးရဲလ်ဘက်တစ်

(အင်တာနက်)

ဒီပို့တီဗိုနှင့် ရီရဲဆိုစီဒက်တို့ပွဲတွင် ဒီပို့တီဗိုမှ ဘာရာဂန် (ဝဲ) **နှင့် ရီးရဲဆိုစီဒက်မှကိုဗေဗစ်တို့ ဘောလုံးရရှိရေးကြိုးစားစဉ်။** (ဓာတ်ပုံ-အင်တာနက်)

အီတလီစီးရီးအေတွင် ရိုးမား ဦးဆောင်ပြီး အင်တာမီလန်တို့ သရေကျ၍ ထိပ်ဆုံးနေရာစွန့်လွှတ်ခဲ့ရ

ရေးသားတင်ပြသူ
မြင့်မောင်စိုး

မီလန် အောက်တိုဘာ ၂

အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၅)ပြိုင်ပွဲများကို အောက်တိုဘာ ၁ရက်ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ အင်တာမီလန်အသင်းသည် ကာဂလီယာရီကွင်း၌ တစ်ဖက်တစ်ဂိုးစီသရေကစားခဲ့ပြီး တန်းစီဇယားထိပ်ဆုံးနေရာမှ ဆင်းပေးခဲ့ရသည်။

ဦးဆောင်ဂိုး

ကာဂလီယာရီအသင်းသည် အိမ်ကွင်း အားသာချက်ဖြင့် ပွဲချိန် ၁၆ မိနစ်တွင် ကိုလပ်စီက ဦးဆောင် ဂိုးသွင်းပေးနိုင်ခဲ့သည်။ သို့သော်လည်း အင်တာမီလန်အသင်းမှ ဂရော့ဆိုက ပွဲချိန် ၃၈မိနစ်တွင် ချေပဂိုးသွင်းယူခဲ့၍ အင်တာမီလန်တို့ အဝေးကွင်းတွင် အဖိုးတန် တစ်မှတ်ခွဲဝေယူနိုင်ခဲ့သည်။

အင်တာမီလန်အသင်းသည် ယခုနှစ် စီးရီးအေငါးပွဲကစားရာတွင် သုံးပွဲနိုင်၊ နှစ်ပွဲသရေဖြင့် ၁၁ မှတ်ရရှိကာ ဒုတိယနေရာတွင် ရောက်ရှိနေသည်။

ရိုးမားအသင်းမှ ရီကာဒို အခက်အခဲကြားမှ ဤသို့ ဘောလုံးဆွဲထုတ်ခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

ရိုးမား-အမ်ပိုလီ

ရိုးမားအသင်းသည် အိမ်ကွင်း၌ အမ်ပိုလီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ပွတ်ကာသီကာ အနိုင်ရပြီး တန်းစီဇယားထိပ်ဆုံးနေရာကို ရယူနိုင်ခဲ့သည်။

အေစီမီလန် နောက်တန်းလူကာဖူးနှင့် ဆီနာကွင်းလယ်ကစားသမား ကင်ဒယ်လာတို့ ဤသို့ အကြိတ်အနယ် ဘောလုံးယှဉ်လုခဲ့ကြသည်။ (ဓာတ်ပုံ-အင်တာနက်)

ရိုးမားတိုက်စစ်မှူး မွန်တဲလားက ပွဲစပြီး ၂၃မိနစ်အကြာ အသင်းအတွက် တစ်ဂိုးသွင်းထားပေးနိုင်ခဲ့သည်။ အမ်ပိုလီတို့ ချေပဂိုးသွင်းရန် အကြိတ်အနယ်ကြိုးစားသော်လည်း အိမ်ကွင်းမာသော ရိုးမားခံစစ်ကို ထိုးဖောက်နိုင်ခြင်း မရှိခဲ့ပေ။

ရိုးမားအသင်းသည် ယခုနှစ် စီးရီးအေ ငါးပွဲကစားအပြီး ၁၂မှတ်ဖြင့် တန်းစီဇယား ထိပ်ဆုံးနေရာကို ဦးဆောင်ခွင့် ရရှိသွားသည်။

ဖီအိုရင်တီးနား-ကာတန်နီယာ

၁၉မှတ် အလျှော့ခံထားရသော ဖီအိုရင်တီးနားအသင်းသည် အိမ်ကွင်း၌ ခြေစွမ်းပြပြီး ကာတန်နီယာ အသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ကစားနိုင်ခဲ့သည်။ ယင်းအနိုင်ပွဲသည် ဖီအိုရင်တီးနားအသင်း၏ ဒုတိယအနိုင်ပွဲဖြစ်သည်။

ဆမ်ဒိုးရီးယားနိုင်ပွဲစ

ဆမ်ဒိုးရီးယားအသင်းသည် အိမ်ကွင်း၌ ပါးမားအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး စီးရီးအေပြိုင်ပွဲ ငါးပွဲကစားရာတွင် ပထမဆုံးအနိုင်ပွဲကို ရှာဖွေနိုင်ခဲ့သည်။

အီတလီစီးရီးအေတွင် လုပ်ပွဲများ ကစားခဲ့၍ အပြစ်ပေးအရေးယူခံရသော လာဇီယို၊ ရက်ဂျီးနားနှင့် ဖီအိုရင်တီးနားအသင်းတို့သည် လျှော့မှတ်များမှ မကျော်နိုင်သေး၍ တန်းစီဇယား အောက်ဆုံး၌ ရောက်နေရဆဲဖြစ်သည်။ သို့သော်လည်း ရှစ်မှတ်သာ အလျှော့ခံရသော အေစီမီလန်တို့ လျှော့မှတ်မှ လွန်မြောက်ကာ ရမှတ် သုံးမှတ်စတင်ရရှိနေပြီဖြစ်သည်။

အခြားပွဲများ

အူဒီးနိစ်	**၀-၀**	**အက်စ်ကိုလီ**
မက်ဆီနာ	**၀-၁**	**လီဗော်နို**
အေစီမီလန်	**၀-၀**	**ဆီနာ။**

(အင်တာနက်)

တောင်ကိုရီးယား အမျိုးသမီး ဂေါက်သီးကစားသမား ဂျန်ဂျေယွန်အား ဂျပန်နိုင်ငံ အနောက်ပိုင်း အိုဆာကာမြို့၌ အောက်တိုဘာ ၁ရက်က ကျင်းပသော ဂျပန်အိုးပင်း အမျိုးသမီး ဂေါက်သီးရိုက် ပြိုင်ပွဲတွင် ဗိုလ်စွဲပြီး ဆုဖလားနှင့်အတူ ဤသို့တွေ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)

ကျေးဇူးဆပ်ပါမည် ကျွန်တော် စိန်ထွန်းအောင် ပိုင်ဆိုင်သည့် CDC-54614 ၏ Tanker Familiarization Certificate ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း-၇၂၀၇၇၆။**

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ ရှင်စောပုဘုရားလမ်း၊ အမှတ် ၁၇၊ သုံးလွှာ(ခြေရင်းခန်း)နေ ဦးထွန်းမြင့် ၁၂/ပဘတ(နိုင်)၀၁၁၂၈၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ အထက်ဖော်ပြပါ ဦးထွန်းမြင့်၏သမီးဖြစ်သူ မသူဇာဝင်း ၁၂/ပဘတ(နိုင်)၀၀၁၇၈၉သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံသည့်အပြင် မိဘများ စိတ်ဆင်းရဲ သောကရောက်စေသည့် ပြုမူဆောင်ရွက်မှုများအား ပြုမူဆောင်ရွက်ခဲ့သည့်အတွက် မသူဇာဝင်းအား သမီးအဖြစ်မှစွန့်လွှတ်လိုက်ပြီဖြစ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စရပ် တစ်စုံတစ်ရာကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းအား လက်ခံဖြေရှင်းမည်မဟုတ်ပါကြောင်း တစ်ပါတည်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိန်ဝင်း(စဉ်-၆၀၈၂)၊
B.A., H.G.P., C.B.L., D.B.L., D.M.L.,
ဥပဒေအကျိုးဆောင်
အမှတ် ၈၆/၈၈၊ အခန်း ၂၀၊ ဗဟိုလမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၉၈၂၅၇၃၆။

မြန်မာ့ရုပ်ရှင်နေ့နှင့် (၄၃)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ ဖိတ်ကြားလွှာ

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ကြီးမှူးကျင်းပမည့် **မြန်မာ့ရုပ်ရှင်နေ့နှင့် (၄၃)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ** အခမ်းအနားကို **၂၀၀၆ခုနှစ် အောက်တိုဘာ ၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီ**အချိန်မှစ၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးခန်းမတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသဖြင့် ရုပ်ရှင်နှင့် ဗီဒီယိုလောကသားများ စုံစုံညီညီ တက်ရောက်နိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ **(သီးခြားဖိတ်စာမပို့ပါ။)**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး။

သီတဂူဆရာတော်၏အဘိဓမ္မာအခါတော်နေ့တရားပွဲ

ရန်ကုန် အောက်တိုဘာ ၂

သီတဂူဆရာတော် စစ်ကိုင်း တောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာအရှင် ဉာဏိဿရ (D.Litt, Ph.D) သည် (၁၃၆၈ခုနှစ် သီတင်းကျွတ်လပြည့်) အောက်တိုဘာ ၆ရက် (၅၈)ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့(သောကြာနေ့)ည၇နာရီတွင် ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီးပေါ်ရှိ အမှတ်၄၉/၅ အဘိဓမ္မာရတနာဃရ ဓမ္မဗိမာန်တော်ကြီး၌ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်သဖြင့် အဘိဓမ္မာအသင်းဝင်များနှင့်သဒ္ဓါကြည်လင်ပါရမီရှင်များ ကြွရောက်နာယူနိုင်ရန် နှိုးဆော်ထားသည်။

(က-ပ)

ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်း မျက်စိအထူးကု အစီအစဉ်စတင်မည်

ရန်ကုန် အောက်တိုဘာ ၂

ရန်ကင်း ပြည်သာယာ (ကျိုက္ကဆံစူပါဝမ်း တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းတွင် အောက်တိုဘာ၉ရက်မှစ၍ အပတ်စဉ် တနင်္လာနေ့တိုင်း ညနေ ၄နာရီမှစတင်ကာ မျက်စိအထူးကု အစီအစဉ်ကို ဆောင်ရွက်မည်ဖြစ်ပြီး မျက်စိအထူးကုဒေါက်တာလှိုင်မေသန်းက တာဝန်ခံ၍ ကုသိုလ်ဖြစ်ကုသပေးမည်ဖြစ်ရာ မျက်စိဝေဒနာရှင်များနှင့် မျက်စိအတွက် အထူးလှူဒါန်းလိုသော အလှူရှင်များသည် ရွှေပြည်ဟိန်းကျောင်း ဖုန်း-၅၄၁၄၉၃ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)



ဖခင်အမည်မှန်

အထက ရွှေညောင် တက္ကသိုလ်ဝင်တန်း(D)မှ မဖြူ၏ ဖခင်အမည်မှန်မှာ ဦးချစ်လှိုင်(ခ)ဦးထွက်လိ ဖြစ်ပါကြောင်း။

ဦးချစ်လှိုင်
၁၃/တကန(နိုင်)၀၅၂၄၅၀။

ရေဦးမြို့ ပုန္နကားကျေးရွာ အခြေခံပညာကျောင်းများအတွက် အမိုးသွပ်ပြားနှင့် စာသင်ခုံများ ပေးအပ်လှူဒါန်းပွဲကျင်းပ

ရေဦး စက်တင်ဘာ ၅

ရေဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ပုန္နကား(အနောက်)ကျေးရွာ တွဲဖက်အလယ်တန်းကျောင်းအတွက် အမိုးသွပ်ပြားများနှင့် ပုန္နကား (အရှေ့) ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း အတွက် စာသင်ခုံများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ်၂၃ရက် မွန်းလွဲ ၁နာရီက ပုန္နကား (အနောက်)ရှိ တွဲဖက်အလယ်တန်းကျောင်း၌ ကျင်းပသည်။

အမှာစကားပြောကြား

ရေဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးခင်ထွန်းက အမှာစကားပြောကြားပြီး(**အပေါ်ပုံ**)ဆက်လက်၍ ဒုတိယရဲမှူးသန်းဝင်းနှင့် မြို့နယ်တရားသူကြီးဦးစိန်ဝင်းတို့က အမိုးသွပ်ပြားနှင့် စာသင်ခုံများလှူဒါန်းရခြင်း အကြောင်းကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်ဝင်းက ပညာရေးဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် အလှူရှင် ၁၉ဦးက လှူဒါန်းသည့် ငွေကျပ် ၂၆၂၂၀၀၀တန်ဖိုးရှိ အမိုးသွပ်ပြား၄၆ချပ်ကို အလှူရှင်များကိုယ်စား မန္တလာဦးကားအသင်းဥက္ကဋ္ဌ ဦးသက်နိုင်က ပေးအပ်လှူဒါန်းရာ တွဲဖက်အလယ်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးတင်ညိုကလည်းကောင်း၊ မြို့နယ်ဥက္ကဋ္ဌက လှူဒါန်းသည့်စာသင်ခုံလေးခုံနှင့်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးက လှူဒါန်းသည့် စာသင်ခုံတစ်စုံစုစုပေါင်းငွေကျပ်၆၀၀၀၀တန်ဖိုးရှိ စာသင်ခုံငါးစုံကို မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးတင့်အောင်က ပေးအပ်လှူဒါန်းရာ မူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာမကြီးကလည်းကောင်း လက်ခံရယူကြသည်။

(မြို့နယ် ပြန်/ဆက်)

စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရေစီးရေလာ ကောင်းမွန်ရေးအတွက် မြို့တွင်းရေမြောင်းများကို ဩဂုတ် ၂၆ရက်က အမှုဆောင်အရာရှိ ဦးကိုကိုနှင့် အင်ဂျင်နီယာမှူး ဦးကျော်မြင့်တို့ ဦးဆောင်၍ လုပ်ငန်းတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စုစုလင်းနှင့်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများရေမြောင်းများ တူးဖော်ကြစဉ်။ (မြို့နယ်စည်ပင်)

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူးဦးအုန်းသွင် ဩဂုတ် ၂၅ရက်က ပုဏ္ဏားကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေး မြေခင်းအလှ ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်ဆန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကောင်းမြတ်ထွေးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

ရေတာရှည်မြို့နယ်၌ အရန်သားဖွားသင်တန်းဖွင့်

ရေတာရှည် စက်တင်ဘာ ၉

ရေတာရှည်မြို့နယ် ကျန်းမာရေး ဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းတို့ ကြီးမှူးဖွင့်လှစ်သော ကိုယ့်အားကိုယ်ကိုး အရန်သားဖွား သင်တန်း(၁/၂၀၀၆)ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၄ ရက် နံနက် ၉နာရီက မြို့နယ်ပြည်သူ့ဆေးရုံ ခန်းမတွင် ကျင်းပသည်။

ရည်ရွယ်ချက်

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သန်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ဆရာဝန်ဒေါက်တာ ဦးသန်းထွဋ်ဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ သင်တန်းစည်းမျဉ်းစည်းကမ်းများကို ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်သန်းစိန်က အရန်သားဖွား သင်တန်းဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ရပုံများ ရှင်းလင်းတင်ပြသည်။ **(က-ပ)**

သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးကြီးအတွင်း ယင်လုံဆန်ခါဖြင့် အသားရောင်းချနေမှုကို ဩဂုတ် ၂၅ရက်က အမှုဆောင်အရာရှိဦးအောင်ကျော်ဟိန်းကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)



မြန်မာ့အသံနားဆင်စရာ

၁၃၆၈ ခုနှစ်
သီတင်းကျွတ်လဆန်း ၁၃ ရက်
၄-၁၀-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော်(ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မင်္ဂလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၀:၀၀ **(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)အဆိုပြိုင်ပွဲဝင်များ လေ့လာရန်(ခေတ်ဟောင်းနှင့် ကာလပေါ်တေးများ)**
(၁) တို့တောရွာ(ဥသြဘသောင်)
(၂) ဂုဏ်တော်ဖွင့်(ပြည်လှဖေ)
(၃) ရွှေမင်းဝံ(ကိုအံ့ကြီး)

၁၁:၁၅ စက်မှုစွမ်းအားခေတ်ကျော်လွှား (တောင်ဒဂုံစက်မှုဇုန်ဖယောင်းတိုင်စက်ရုံအကြောင်း)

၁၂:၀၀ ယဉ်ကျေးမှုအနုပညာ (တကောင်းရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ တစ်ခေါက်) (ဒေါက်တာဦးဖေဉာဏ်)

၁၂:၂၅ သူ့အတွေးနှင့် သူ့အရေး (ကိုယ်လည်း ကောင်းစေ၊ ခေါင်းလည်း တည်စေ) (ကိုရွှေအောင်သင်း)

၁၂:၃၅ **(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် အဆိုပြိုင်ပွဲဝင်များ လေ့လာရန် မဟာဂီတသီချင်းကြီးများ**
(၁) နန်းဘုံသီတာဆွေ(ယိုးဒယား) (ခင်စိုးဝင်း)
(၂) ပညာရှင်အဆင့် အဆိုပြိုင်ပွဲဝင်များလေ့လာရန် မဟာဂီတ သီချင်းကြီး
(၃) သံသာညိုးညင်းသီချင်းခံ (မူမူခင်)

၁၃:၁၀ ယဉ်ကျေးမှုအနုပညာ (တကောင်းရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ တစ်ခေါက်) (ဒေါက်တာဦးဖေဉာဏ်)

ညနေပိုင်း

၁၇:၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ဘဝဆက်တိုင်းမဆုံသည့်တိုင် (မောင်မောင်ညွှန့်)
(၂) အမေ့အိမ် (ခင်နှင်းသက်)
(၃) မြစမ်းသီတာ (စန္ဒရားညွှန့်ဝင်းလေး)

၁၇:၂၀ အစာနှင့်အာဟာရ (ဝါကျွတ်ပွဲတော်အတွက် ရွှေကြည်နှင့် အာလူးဆန္ဒင်းမကင်း)

၁၇:၄၅ **(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် ပတ္တလား အတီးပြိုင်ပွဲဝင်များ လေ့လာရန် စံသီချင်း**
(၁) ဆဒ္ဒန်အိုင်သာ(သီချင်းခန့်) (ရီရီသန့်)
- အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် ပတ္တလားအတီး ပြိုင်ပွဲဝင်များလေ့လာရန် စံသီချင်း
(၂) လွမ်းပိုအောင် (ယိုးဒယား)

၁၈:၄၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) စိတ်အားဖြည့်ဓမ္မရွက်နု (အရှင်ဆန္ဒာဓိက-ရွှေပါရမီတောရ)
(၂) ပရဝဏ္ဏအလင်းပြသံပေါက် အဖြေကျမ်း (ဦးသောင်းလွင်-ကလျာဆေးတိုက်)

၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (The Sun တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် "အိခိုင်စံ"၏ ခေတ်နဲ့အချစ်တေးစီးရီး)

၂၀:၂၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) မောင့်ရင်ထဲမှာသစ္စာပန်း (မောင်ဝင်းတင့်)
(၂) အလွမ်းမရှိတဲ့အသဲ (ပန်းတနော် ကြည်ကြည်လှ)
(၃) ခင့်အလှကြောင့်ချစ်မိပါတယ် (စိန်မောင်ဝင်း)

ရေတာနံ့ရုံ တည်ဆောက်

ကာမိုင်း စက်တင်ဘာ ၁၀

ကချင်ပြည်နယ် ကာမိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ကိုးသိန်းဖြင့် အကုန်အကျခံ၍ ဩဂုတ် ၂၀ရက်က ကာမိုင်းမြို့ ဗိုလ်တေဇလမ်းဘေး၌ အရှည် ၂၃၅ ပေရှိ ရေတာနံ့ရုံ တည်ဆောက်ခြင်းလုပ်ငန်းကို မြို့နယ်တာဝန်ခံ ဦးဆန်းအောင်နှင့်တာဝန်ခံအင်ဂျင်နီယာဦးအေးဇော်မြင့်တို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။ **(၄၁၆)**

အမြို့မြို့ အနယ်နယ် သတင်းများ

နှစ်ရှည်ပင်နှင့်ပန်းအလှပင်များ မင်းတပ်မြို့တွင် ပျိုးထောင်

မင်းတပ် စက်တင်ဘာ ၂၆

မင်းတပ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ဖေသိန်းသည် ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါ၍ စက်တင်ဘာ ၂၃ရက်က ၉မိုင် ဘော်ခွီးခြံတွင်စိုက်ပျိုးထားသော မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် လက်ဖက်စိုက်ခင်းနှင့် ပျိုးဥယျာဉ်တို့တွင် နှစ်ရှည်ပင်များ၊ ပန်းအလှပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ဆွေက ရှင်းလင်း တင်ပြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျေးလက်ပြည်သူများ တိုင်းရင်းဆေးဖြင့် အခမဲ့ကုသပေး ကျန်းမာရေးပညာပေးဟောပြောပွဲ ဘားအံ၌ ကျင်းပ

ဘားအံ စက်တင်ဘာ ၂၀

ကရင်ပြည်နယ်တိုင်းရင်းဆေးပညာ ဦးစီးဌာနမှူးနှင့် ဘားအံခရိုင် တိုင်းရင်းဆေးမှူးကြီးကြပ်မှုတို့ဖြင့် ဘားအံမြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဦးသန်းထွတ်နှင့် အဖွဲ့သည် စက်တင်ဘာ ၁၃ ရက်က ဘားအံမြို့နယ် တော်ပုံကျေးရွာတွင် ကျေးလက်ပြည်သူများ ကျန်းမာရေးအတွက် တိုင်းရင်းဆေးဖြင့် အခမဲ့ကွင်းဆင်းကုသခဲ့ရာ ကျေးရွာအုပ်စုရှိ အနီးပတ်ဝန်းကျင် ကျေးရွာငါးရွာမှ ကျေးလက်ပြည်သူများ လာရောက်ဆေးကုသမှုခံယူကြသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ကျန်းမာရေး ပညာပေးဟောပြောပွဲကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးသန်းထွတ်နှင့် တော်ပုံကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောသိန်းမြင့်တို့က အမှာစကား ပြောကြားကြပြီး ဘားအံခရိုင်တိုင်းရင်းဆေးကုဌာနမှ ဒုတိယတိုင်းရင်းဆေးမှူး ဒေါ်အေးအေးမူက သတိပြုစရာ မီးယပ်ရောဂါခေါင်းစဉ်ဖြင့် မီးယပ်ရောဂါကာကွယ်ကုသပုံတို့ကို ရှင်းလင်း ပြောကြားသည်။

(ခရိုင် ပြန်/ဆက်)

မိုးကောင်းမြို့ ဆားမော်ကျေးရွာ ဆားမော်ချောင်းကူးတံတားကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဆောင်ရွက်ရာ စက်တင်ဘာ ၇ရက်က အမှုဆောင်အရာရှိ ဦးတင်ဌေး ကြီးကြပ်ပေးစဉ်။ (မြို့နယ် စည်ပင်)

ဖားကန့်မြို့ စိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် ဖားကန့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၅ ရက်က မော်ဝမ်းရပ်ကွက် စုပေါင်းရုံးဘေးတွင် မြေယာရှင်းပြုလုပ်ရန် ဘဲစားမြက် ကပ်ခြင်းလုပ်ငန်းကို ဦးစီးအရာရှိ ဦးနေမျိုးနိုင် ဦးဆောင်သော ဝန်ထမ်းများဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင် ကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလ ကျောင်းဟောင်း)နောက် ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန် အတွက် ရန်ကုန်တိုင်း လှိုင်မြို့နယ် လှိုင်မြင့်မိုရ် အိမ်ရာတိုက် ၂၇ အခန်း၁၉ နေ ဦးဌေးမြင့်-ဒေါ်သန်းသန်းဆင့်၊ သမီး အေးချမ်းမြတ်ဖြိုး၊ ဆုယမင်းနွယ် မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝီရိယ(နန်းမား)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဝန်ထမ်းများလုပ်ငန်းခွင်အရည်အချင်း တိုးတက်မြင့်မားရေး မွမ်းမံသင်တန်းဖွင့်ပွဲ မိတ္ထီလာခရိုင်တွင်ကျင်းပ

မိတ္ထီလာ စက်တင်ဘာ ၂၅

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်နှင့်ပျဉ်းမနားခရိုင်တို့ စုပေါင်းဖွင့်လှစ်သည့်ဝန်ထမ်းများ လုပ်ငန်းခွင်အရည်အချင်း တိုးတက်မြင့်မားရေး မွမ်းမံသင်တန်းအမှတ်စဉ် (၃/၂၀၀၆)ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၈ရက် နံနက် ၉ နာရီက မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှုတင်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ဆက်လက်၍ သင်တန်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ မြကြာဖြူ လက်ဖက်ရည်ဆိုင်ပိုင်ရှင် ဦးမောင်မောင်ထွန်းမိသားစုက အလှူငွေကျပ် သုံးသောင်း၊ မိတ္ထီလာမြို့ ပုံနှိပ်လုပ်ငန်းပိုင်ရှင်များအဖွဲ့ကိုယ်စား ခရိုင်စီမံကိန်း ဦးစီးမှူး ဦးခင်မောင်ဦးက ငွေကျပ်နှစ်သောင်း၊ ဗန္ဓုလခရီးသည်တင် ကုန်စည်ပို့ဆောင်ရေးအသင်းဥက္ကဋ္ဌ ဦးစောဌေးက အလှူငွေကျပ်တစ်သောင်းတို့ကို မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းထံ ပေးအပ်လှူဒါန်းကြသည်။

(ခရိုင် ပြန်/ဆက်)

အာဟာရရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ်ဟောပြော၊ သရုပ်ပြသ

ဘိုကလေး စက်တင်ဘာ ၁၀

ဘိုကလေးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ အာဟာရရက်သတ္တပတ် လှုပ်ရှားမှုအထိမ်းအမှတ်ဟောပြောပွဲနှင့် သရုပ်ပြပွဲအခမ်းအနားကို စက်တင်ဘာ ၃ရက်က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

သရုပ်ပြ

အခမ်းအနားတွင် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးယုက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ထွေးထွေးက အာဟာရအုပ်စုများအကြောင်း ရှင်းလင်း ပြောကြား၍ ကျန်းမာရေးဆရာမဒေါ်သန်းဝင်းက အာဟာရပြည့်ဝစွာ ချက်ပြုတ်ခြင်းသရုပ်ပြသသည်။ **(အပေါ်ယာပုံ)**

အခမ်းအနားသို့ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ကိုယ်ဝန်ဆောင်မိခင်များ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်ဒေသ စက်ရေတွင်းပြုပြင်ထိန်းသိမ်းရေး သင်တန်းအမှတ်စဉ် (၁/၂၀၀၆) သင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၁ ရက်က ရုံးအစည်းအဝေးခန်းမတွင် ကျင်းပရာ စက်ရေတွင်းပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ အချက်အလက်များကို မြို့နယ်အမှုဆောင်အရာရှိ ဦးအောင်ဇံက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်းရှိ ကုန်စုံဆိုင်များတွင် အိုင်အိုဒင်းဆား အရည်အသွေးရောင်းချမှုကိုစစ်ဆေးခြင်းနှင့်ပညာပေးဟောပြောမှုကို စက်တင်ဘာ ၂၅ ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်အောင်ဖြိုးနှင့်ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန် ဒေါက်တာကျော်ငြိမ်းတို့ကွင်းဆင်းဆောင်ရွက်စဉ်။(မြို့နယ်စည်ပင်)

တပ်ကုန်းပြည်တွင်းအခွန်များဦးစီးဌာန အခွန်ဥပဒေဆိုင်ရာ ရှင်းလင်းဆွေးနွေး

တပ်ကုန်း စက်တင်ဘာ ၂၆

တပ်ကုန်းမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနက ကြီးမှူးကျင်းပသောအခွန်ဥပဒေဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ် ၂၄ရက် မွန်းလွဲ ၁နာရီက တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးနေအောင်နှင့် အဖွဲ့ဝင်များ၊ ပြည်တွင်းအခွန်များဦးစီးဌာန ခရိုင်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမြင့်၊ မြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးစိုးမြင့်နှင့် အခွန်ထမ်းပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးနေအောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အခွန်ဦးစီးမှူး ဦးစိုးမြင့်က အခွန်စည်းကြပ် ကောက်ခံမှုအမျိုးမျိုးနှင့် ပြည်တွင်းအခွန်များဦးစီးဌာနက ဆောင်ရွက်နေသော အမြတ်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် အကြောင်းသိကောင်းစရာများနှင့် မြို့နယ်ဦးစီးမှူး ဦးစိုးမြင့်က အခွန်ကြွေးမပြေသော ကျန်ငွေများ ကောက်ခံမှုနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။ **(၂၆၆)**

ရေငန်ပုစွန်ထုတ်လုပ်မှု ပိုမိုကောင်းမွန်ရေး သံဖြူဇရပ်မြို့၌ မွေးမြူရေးတိုးချဲ့ဆောင်ရွက်

သံဖြူဇရပ် စက်တင်ဘာ ၂၂

ရေငန်ပုစွန်မွေးမြူရေး ထုတ်လုပ်မှုပိုမိုလာရေးနှင့် ပို့ကုန်အရည်အသွေးကောင်းမွန်ရေးအတွက် သံဖြူဇရပ်မြို့နယ် ပင်ရွာရှိရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းကန်ဖော်ထုတ်မှုကို စက်တင်ဘာ ၁၅ ရက်က မြို့နယ်ဦးစီးမှူး ဦးလှမင်းဇော်၊ ဒုလက်ထောက် ဦးစီးမှူး ဒေါ်သိန်းသိန်းအေးနှင့် ဒေါ်ရီရီတင်တို့ ပါဝင်သောအဖွဲ့ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံဦးမောင်အေးက လုပ်ငန်းအခြေအနေကို ရှင်းလင်းတင်ပြသည်။

သံဖြူဇရပ်မြို့နယ်အတွင်း ငါး၊ ပုစွန်မွေးမြူရေးတိုးချဲ့ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာလကုန်အထိ ပုစွန်သားပေါက်ကောင်ရေ ၁၈ သိန်းကျော် ထည့်သွင်းခဲ့ရာ တန်ချိန် ၁၃ တန်ကျော် ထုတ်လုပ်တင်ပို့နိုင်ခဲ့ပြီး အခြားလုပ်ငန်းရှင်များက ကန်ကိုးကန်အတွင်း တီလားပီးယား၊ ငါးမြစ်ချင်းကောင်ရေ ၄၈၀၀၀ တို့ထည့်သွင်း မွေးမြူထားကြသည်။ **(မြို့နယ်ငါးလုပ်ငန်းဦးစီး)**

မြေယာရှုခင်းအလှပြုပြင် ပန်းလှပင်များစိုက်ပျိုး

ဂန့်ဂေါ စက်တင်ဘာ ၂၀

ဂန့်ဂေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောမြင့်ထွန်း၊ ဒုတိယဦးစီးမှူး ဦးအောင်လွင်နှင့် ဝန်ထမ်းများ ဩဂုတ် ၃၁ ရက်က မြို့အဝင်လမ်းတစ်လျှောက်နှင့် တြိဂံကျွန်းတွင် မြေယာရှုခင်းအလှပြုပြင်ခြင်းနှင့် ပန်းအလှပင်များဖြစ်သော စိန်ပန်းပု၊ ပန်းစက္ကူများ စိုက်ပျိုးကြပြီး မြို့တွင်း သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

(မြို့နယ်စည်ပင်)

ဆောင်းရာသီဘဏ်ချေးငွေများထုတ်ချေး ဘဏ်ခွဲများ အမြတ်ရရှိရေးဆောင်ရွက်

အောင်လံ စက်တင်ဘာ ၂၆

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွှမ်းသည် စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက မကွေးတိုင်းမန်နေဂျာ ဒေါ်ခင်အေးမြင့် လိုက်ပါလျက် တောင်တွင်းကြီးမြို့နယ်ဘဏ်ခွဲသို့ ရောက်ရှိပြီး ဘဏ်ခွဲဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ကြိုးစားလုပ်ကိုင်

ထို့နောက် ညနေပိုင်းတွင် အောင်လံဘဏ်ခွဲသို့ ရောက်ရှိပြီး သရက်ခရိုင်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်မှ မြို့နယ်မန်နေဂျာများနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ အလုပ်ကို ကြိုးစားလုပ်ကိုင်ရေး၊ ၂၀၀၆ ဆောင်းရာသီဘဏ်ချေးငွေကို စည်းကမ်းနှင့်အညီ စနစ်တကျ ထုတ်ချေးရေး၊ ငွေကြေးအလွဲသုံးစားမှု ကင်းရှင်းရေး၊ ဘဏ်ခွဲများအမြတ်ရရှိရေး၊ လယ်ယာ-၁၆ လက်တွန်းထွန်စက် ချေးငွေများ တိုးမြှင့်ထုတ်ချေးရေးကို ဆောင်ရွက်ရန် မှာကြားကြောင်း သိရသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

တိုက်ကြီးမြို့ သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ရန်ကုန် ပြည်လမ်းဘေး ဝဲယာ တစ်လျှောက်ရှိ ပန်းအလှပင်များ၊ အရိပ်ရပင်များ သပ် ရပ် အောင် ပြုပြင်ခြင်းနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်းကို စက်တင်ဘာ ၉ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးတင်ဝင်းကြီးကြပ်စဉ်။ (မြို့နယ် စည်ပင်)

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ၂၀၀၅ခုနှစ်အတွက် အကယ်ဒမီဆု ချီးမြှင့်မည့်စင်မြင့် တည်ဆောက်ရေးနှင့် မီးအလှတပ်ဆင်ရေးလုပ်ငန်း ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ၂၀၀၅ခုနှစ်အတွက် အကယ်ဒမီဆုချီးမြှင့်မည့်စင်မြင့် နောက်ခံ ပန်းချီ ဒီဇိုင်းရေးဆွဲခြင်း၊ စင်မြင့်တည်ဆောက်ခြင်း၊ မီးအလှဆင်ခြင်းလုပ်ငန်းများအတွက် လုပ်ငန်းလုပ်ကိုင်လိုသူ တိုင်းရင်းသားလုပ်ငန်းရှင်များထံမှ ချိပ်ပိတ်တင်ဒါအလိုရှိပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ရုံးချုပ်အမှတ်(၂၈) ကုက္ကိုင်းရိပ်သာလမ်းတွင် လာရောက်ထုတ်ယူ၍ ၂၅-၁၀-၂၀၀၆ရက် နောက်ဆုံးထား တင်သွင်းရပါမည်။

၃။ အသေးစိတ် အချက်အလက်များ သိလိုပါက မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ စင်မြင့်ဆောက်လုပ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူး(စက်မှု)ဖုန်း-၅၃၆၀၃၀သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စင်မြင့်ဆောက်လုပ်ရေးဆပ်ကော်မတီ
မြန်မာ့ရုပ်ရှင်လုပ်ငန်း။

FAME
ဆယ်ပင်အားဆေး
Completec®
Complete natural antioxidant formula

မင်းနန္ဒာစာသင်တိုက်အတွင်းရှိ နှစ်ထပ်တိုက်ကျောင်းတော်ကြီး ရေစက်ချအလှူမင်္ဂလာ ဖိတ်ကြားလွှာ

ရန်ကုန်တိုင်း ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် အောင်သီတာလမ်း မင်းနန္ဒာစာသင်တိုက်အတွင်း၌ အများစုပေါင်း၍ ဆောက်လုပ်လှူဒါန်းထားသော နှစ်ထပ်တိုက်ကျောင်းတော်ကြီးကို (၁၃၆၈ခုနှစ် သီတင်းကျွတ်လပြည့်နေ့)၆-၁၀-၂၀၀၆ ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီအချိန်တွင် ရေစက်ချမင်္ဂလာအခမ်းအနားကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အလှူရှင် ဒါယကာ၊ ဒါယိကာမများ အတူတကွ တရားတော်နာကြရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျင်းပရေးဂေါပကအဖွဲ့။**

ချိပ်ပိတ်တင်ဒါ ခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ စက်ရုံများအတွက် အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေ/အမေရိကန်ဒေါ်လာဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါပိတ်သည့်နေ့ရက်/အချိန်
(က)	Machine Clothings	၇ မျိုး	(၁၆-၁၀-၂၀၀၆) မွန်းတည့် ၁၂း၀၀ နာရီ
(ခ)	Calcium Carbide	100 MT	(၁၆-၁၀-၂၀၀၆) မွန်းတည့် ၁၂း၀၀ နာရီ

၂။ သိရှိလိုသည့် အချက်များရှိပါက ရောင်းဝယ်ရေးဌာန ဖုန်းနံပါတ်-၅၄၃၃၆၅ သို့ ဆက်သွယ်နိုင်ပါသည်။

မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း။

SAYA-TONY
IELTS
* Spoken English Course
* Grammar & Essay Writing Course
* All Round Development (4 Skills)
* Foreign Going English Course

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၅၄၀၈၉ Honda C90 Custom M/c ယာဉ်လက်ဝယ်ရှိသူအမည် ဦးသန်းလွင် မှတ်ပုံတင်အမှတ် ၃/ဘအန(နိုင်)၀၁၀၆၄မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
တိုင်းဦးစီးမှူးရုံး(ပဲခူး)

M.E.E.G ENGINEERING COMPUTER TRAINING CENTER
-Auto CAD (General) -3D Studio MAX -Estimate
-Auto CAD (Special) -Special Rendering -P frame
-Auto CAD (3D-detail) -Special Animation -ETABS
-CNC Programming -MasterCAM -STADD Pro
-Computer Basic -Graphic Design -D.T.P
Ph:09 5140118 , 250 102 Website:meegengineering.com

ရန်ကုန် မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့ အမှတ် ၆/၁၀ ရပ်ကွက်ရှိ ရွှေပြည်သာဘုန်းတော်ကြီးကျောင်း ရပ်ကွက်သံဃနာယက ဒုတိယဥက္ကဋ္ဌပဓာနနာယကဆရာတော် ဘဒ္ဒန္တ မာလာဝံသထံ စက်တင်ဘာ ၂၉ ရက်က အမှတ်(၅) ဝါးခယ်မလမ်း စမ်းချောင်းမြို့နယ်နေ ဦးကျင်သိန်း (ရေယာဉ်မှူး၊ အမ်ပီအီး)-ဒေါ်ခင်စောဝင်း မိသားစုက ကျောင်း၏ အုတ်တံတိုင်းအတွက် အလှူငွေကျပ် တစ်သိန်း ဆက်ကပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

(၁၀၇)ကြိမ်မြောက်သွေးလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂

မြောက်ဥက္ကလာပမြို့ (၂)ရပ်ကွက် အာသာဝတီ(၁)လမ်း အမှတ်(၃၂)နေ ဦးအေးကို **(ဝဲပုံ)** သည် ဩဂုတ် ၂၃ ရက်က မြောက်ဥက္ကလာပဆေးရုံကြီး အမျိုးသား သွေးလှူဘဏ်(ခွဲ) တွင် မြောက်ဥက္ကလာပသွေးလှူရှင်အသင်း၏ စုပေါင်း သွေးလှူပွဲတွင် (၁၀၇) ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

မှော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ လေထီး၊ ဝါးနက်ချောင်း ကတ္တရာလမ်းကို ဂဝံဖြင့်လမ်းပုခုံးကပ်ခြင်း ဆောင်ရွက်နေမှုကို စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် အင်ဂျင်နီယာ ဦးကျော်နှင့် ရန်ကုန်တိုင်းညွှန်ကြားရေးမှူး ဦးကြီးမြင့်တို့ လိုက်လံစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမိုးကျော်၊ တာဝန်ခံအင်ဂျင်နီယာ ဦးစိုးသိမ်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပတ္တမြားစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် စာအုပ်နှင့်ရန်ပုံငွေလှူဒါန်းပွဲ ဝေါမြို့၌ကျင်းပ

ဝေါ စက်တင်ဘာ ၂၆

ဝေါမြို့နယ် ကမာကဘန်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အဆောက်အအုံသစ်နှင့် ကိုယ့်အားကိုယ်ကိုး ပတ္တမြားစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၃ရက် နံနက်က အဆိုပါစာကြည့်တိုက် အဆောက်အအုံတွင် ကျင်းပသည်။

ဖွင့်လှစ်

ပတ္တမြား ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ် အတွင်းရေးမှူး ဦးနိုင်ဝင်းဆွေ၊ ပဲခူးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးကြည်ဝင်းနှင့်ကျေးရွာဥက္ကဋ္ဌ ဦးဝင်းရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ် အတွင်းရေးမှူး ဦးနိုင်ဝင်းဆွေက အမှာစကား ပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဦးကြည်ဝင်းက ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ အစဉ်ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများ ပြောကြားသည်။

လှူဒါန်း

ထို့နောက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးကျော်ဇောက သုတရသစာအုပ်များနှင့် ဂျာနယ်မျိုးစုံတန်ဖိုး ငွေကျပ် ၆၅၀၀၀၊ စေတနာရှင် အလှူရှင် ၂၅ဦးတို့ကသုတရသစာအုပ်နှင့် မဂ္ဂဇင်းမျိုးစုံ တန်ဖိုးငွေကျပ် ၁၅၀၀၀၀နှင့် စာကြည့်တိုက်သို့ အလှူငွေကျပ် ၂၇၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဦးအောင်ချစ်က လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျန်းမာရေးဟောပြောပွဲသရက်ချောင်း၌ကျင်းပ ဆေးအခမဲ့ကုသ၊ အိုင်အိုဒင်းဆားဖြန့်ဝေ

သရက်ချောင်း စက်တင်ဘာ ၁၀

သရက်ချောင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့်ကျန်းမာရေး ပညာပေးဟောပြောပွဲနှင့် ဆေးဝါးအခမဲ့ ကုသပေးခြင်း အခမ်းအနားကို စက်တင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီက မော်ရှည်ကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လွင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်သိန်းသိန်းသင်းတို့က အမှာစကား ပြောကြားကြပြီး မြို့နယ်ဆရာဝန် ဒေါ်စန်းစန်းသီက ကျန်းမာရေးဆိုင်ရာများ ပညာပေး ဟောပြောသည်။ ထို့နောက် ဆေးဝါးအခမဲ့ကုသပေးကာ အိုင်အိုဒင်းဆားဖြန့်ဝေပေးကြသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ပန်းတနော်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

ပန်းတနော် စက်တင်ဘာ ၂၇

ပန်းတနော်မြို့နယ် ဆပ်သေကျေးရွာ အုပ်စုကွင်းအမှတ် ၅၁၉(က)ရှိ စုပရင်းကုမ္ပဏီ စက်ရုံပိုင်လယ်မြေ၌ တစ်မိုးနှစ်သီး ပထမမိုးစပါး မနောသုခစပါးမျိုး စံကွက်ရိတ်သိမ်းပွဲကို စက်တင်ဘာ ၂၃ ရက် နံနက် ၇နာရီကကျင်းပရာ ဧရာဝတီတိုင်း ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးမြင့်စိုး ဦးဆောင်၍ မြို့နယ်မြေစာရင်း ဦးစီးမှူး ဦးစိုင်းကျော်ဇောနှင့် ဝန်ထမ်းများ ကွင်းဆင်းပြီး စံကွက်ရိတ်သိမ်းမှုကို ကြီးကြပ်စစ်ဆေးခဲ့ရာ တစ်ဧကအထွက်နှုန်း ၇၈ ဒသမ ၆၅ တင်း ထွက်ရှိသည်။

ထွက်ရှိ

ဆက်လက်၍ ကညင်ငူကျေးရွာ အုပ်စုကွင်းအမှတ်၅၃၇(က)ရှိ တောင်သူ ဦးမြအေးလယ်မြေ၌ ပထမမိုးစပါး ရွှေမြန်မာစပါးမျိုးအား စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကအထွက်နှုန်း ၆၀ ဒသမ ၈၇ တင်း ထွက်ရှိသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ ဆပ်သေကျေးရွာနှင့် ကညင်ငူကျေးရွာ အုပ်စုတို့မှ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စုပရင်းကုမ္ပဏီမှတာဝန်ရှိသူများ နှင့်ဒေသခံတောင်သူများတက်ရောက်ကြသည်။ **(အောက်ပုံ)** (၃၂၇)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၃

၂၀၀၆ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ကျရောက်သည့် ကိုရီးယား သမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ကိုရီးယား သမ္မတနိုင်ငံဝန်ကြီးချုပ် မဒမ် ဟန်မြောင်ဆွတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဂျာမနီသမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၃

၂၀၀၆ခုနှစ် အောက်တိုဘာ ၃ ရက်တွင်ကျရောက်သော ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ၏ ဂျာမန် ပေါင်းစည်းရေးနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ အင်ဂျယ်လာ ဒိုရိုသီယာ မာကယ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ဟိုပုံးနှင့် ဆီဆိုင်မြို့နယ်များ ဖွံ့ဖြိုးတိုးတက်မှု ကြည့်ရှုစစ်ဆေး ဒေသဝမ်းစာနှင့် စားသုံးဆီဖူလုံရေး တိုးချဲ့စိုက်ပျိုး

နေပြည်တော် အောက်တိုဘာ ၂

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ်(လမ်း) ဦးကျော်လွင်၊ ပြည်နယ်အင်ဂျင်နီယာမှူး ဦးမြင့်ဆွေနှင့် ပြည်နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးကျော်သန်းတို့ လိုက်ပါလျက် စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက တောင်ကြီး-ဟိုပုံး-ဆီဆိုင် ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး လမ်းဘေးဝဲယာတစ်လျှောက်၌ အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါးခင်းများ၊ ကြံစိုက်ခင်းများနှင့် ဒေသသီးနှံစိုက်ခင်းများကိုလည်းကောင်း၊ လမ်းပိုင်းဆိုင်ရာ အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၇ ကော်လံ ၁ ❒

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း တောင်ကြီးမြို့ အစိုးရကွန်ပျူတာ ကောလိပ် ကွန်ပျူတာခန်းကို ကြည့်ရှုစစ်ဆေးစဉ်။(သတင်းစဉ်)

မြန်မာနိုင်ငံ အခြေအနေအား လုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်၌ ထည့်သွင်းရန် ဆုံးဖြတ်ခြင်းသည် အမေရိကန်အနေဖြင့် ကုလသမဂ္ဂကိုအသုံးချကာ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဗိုလ်ကျစွက်ဖက်မှုဖြစ်၍ လုံးဝ(လုံးဝ)လက်မခံ၊ ရှုတ်ချကန့်ကွက်

နေပြည်တော် အောက်တိုဘာ ၂

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၅) KDA အဖွဲ့အစည်းက သဘောထားထုတ်ပြန်ကြေညာချက်တစ်ရပ်ကို စက်တင်ဘာ၂၅ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ သဘောထားထုတ်ပြန်ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၅) KDA အဖွဲ့အစည်း၏ သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာ ၂၅ ရက်

၁။ အမေရိကန်နိုင်ငံ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်၏ တင်ပြမှုကြောင့် ၂၀၀၆ခုနှစ် စက်တင်ဘာ ၁၅ ရက်နေ့တွင် မြန်မာနိုင်ငံအခြေအနေအား ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို နှောင့်ယှက်နိုင်သည်ဟူသော စွပ်စွဲချက်ဖြင့် လုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

၂။ ဤဆုံးဖြတ်ချက်သည် အမေရိကန်အနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂကိုအသုံးချပြီး

(က) နိုင်ငံတော်၏ ဒို့တာဝန်အရေးသုံးပါးကို ထိပါးလာခြင်းသာမက နိုင်ငံတော်၏ လမ်းစဉ်(၇)ရပ်အား လူထု လူတန်းစားအသီးသီးကို အခြေခံပြီး ကျင်းပပြုလုပ်နေသည့် အမျိုးသားညီလာခံအပေါ် ပျက်စီးရာပျက်စီးကြောင်း ရည်ရွယ်၍ လုပ်ဆောင်မှုဖြစ်သည်။

(ခ) နိုင်ငံတော်နှင့် ငြိမ်းချမ်းရေးအဖွဲ့အစည်းအကြား ရရှိထားပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ အဘက်ဘက်မှဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှုတို့ကို ယိုယွင်းပျက်စီးစေမည့် ကြံရွယ်လုပ်ဆောင်မှုဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၅ ●

ဆူပူအကြမ်းဖက်မှုနှင့် ဖောက်ခွဲဖျက်ဆီးမှု မဖြစ်ပွားရေး ကြိုတင်ကာကွယ်နိုင်ရန် မင်းကိုနိုင်၊ ကိုကိုကြီး၊ ဌေးကြွယ်၊ မင်းဇေယျာနှင့် ပြုံးချိုတို့အား သက်ဆိုင်ရာကခေါ်ယူမေးမြန်းလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂

ပြီးခဲ့သည့်စက်တင်ဘာလအတွင်း အမေရိကန်နိုင်ငံကဦးဆောင်ပြီး မြန်မာနိုင်ငံ၏အရေးကိစ္စသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုထိခိုက်စေနိုင်ကြောင်း အကြောင်းပြစွပ်စွဲကာ ကုလသမဂ္ဂလုံခြုံရေး ကောင်စီအစီအစဉ်၌ ထည့်သွင်းဆွေးနွေးနိုင်ရေးကြိုးပမ်းလုပ်ဆောင်ချိန်နှင့်တစ်ပြိုင်တည်းမှာပင် ပြည်တွင်း၌လည်း ဆူပူအုံကြွမှုနှင့်အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုများ ဆက်စပ်လုပ်ဆောင်ရန်လှုပ်ရှားဆောင်ရွက်နေကြောင်း သတင်းများရရှိခဲ့ပါသည်။

စာမျက်နှာ ၉ ကော်လံ ၅ ✡